# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 31 January 2025 ၁၁၇၁၉


## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ ဖတ်စရာ


**ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်**

စာမျက်နှာ » ၄

**ပင်လုံမြေကို သက်သေတည်၍**

ဆောင်းပါး စာမျက်နှာ » ၆

**တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဒေသတွင်း MSME ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ပြီး တန်ဖိုးမြင့် ထုတ်ကုန်သစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ရုံသာမက ပြည်ပသို့ ဈေးကွက်မြှင့်တင်နိုင်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**တိုင်းရင်းဆေးပညာဖြင့် ဥတုရာသီအလိုက် ကျန်းမာရေး စောင့်ရှောက်ခြင်း**

ဆောင်းပါး စာမျက်နှာ » ၁၁


## မန်းရွှေစက်တော်ဘုရားပွဲ ဖေဖော်ဝါရီ ၂ ရက်မှစတင်ကာ ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်


**မင်းဘူး ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှစတင်ကာ ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**ဆောက်လုပ်ပေးထား**

ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစေရန် ယခုလက်ရှိ တည်းခိုဆောင်အခန်းပေါင်း ၃၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၃၅၀ ခန့် ဆောက်လုပ်ပေးထားကြောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



၂၀၂၄ ခုနှစ်က မန်းရွှေစက်တော်ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၃၀

| | | |
|---|---|---|
| ဟားခါး | -၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၇ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်တွေ | ၁၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၁၀ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

## ၃၀ - ၁ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၄၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

# စာပေမှရရှိသည့် အသိပညာဗဟုသုတ မိမိ၊ ဒေသ၊ နိုင်ငံအကျိုးသယ်ပိုး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်နေသော လူမှုရေး ဦးတည်ချက်တွင် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး အချက်များပါဝင်သည်။

ယင်းတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရေးနှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေပေးနိုင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတစ်ဝန်းရှိ ပညာရပ်ဝန်းများ၌ လှုပ်ရှားဆောင်ရွက်နေကြသည်ကို မကြာခဏ မြင်တွေ့နေရသည်။ ပြီးခဲ့သည့်ရက်ပိုင်းက အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်ကို မြင်တွေ့ရသည်။

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိနိုင်ငံများသည် ပညာကိုအခြေခံသည့် အသိပညာ၊ အတတ်ပညာများနှင့် ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသည့် လူ့ဘောင်အသိုက်အဝန်းများကို တည်ဆောက်နေကြသည်။ လူတိုင်း လူတိုင်းသည် အသိပညာဗဟုသုတများကို အပတ်တကုတ်ရှာမှီးကြပြီး မိမိတို့ဘဝ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံကို လှပအောင် ဖန်တီးနေကြသည်။ အထူးသဖြင့် တိုင်းပြည်၏အနာဂတ်ကို ကိုယ်တိုင်ဖန်တီးတည်ဆောက်နိုင်မည့် မျိုးဆက်သစ်လူငယ်လူရွယ်များက အသိပညာဗဟုသုတများကို ကြိုးပမ်းရှာဖွေဆည်းပူးပြီး မိမိတို့၏ဘဝ တိုးတက်မြင့်မားလာစေရန်နှင့် မိမိတို့၏နိုင်ငံတိုးတက်ကောင်းမွန်လာစေရန်အတွက် နိုင်ငံတော်၏ အားပေးမြှင့်တင်ပေးမှုနှင့်အတူ ကိုယ်စီကိုယ်စီ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များကြား၌ မှန်ကန်သော၊ တိုးတက်ရာတိုးတက်ကြောင်းဖြစ်စေသော အသိပညာ၊ အတတ်ပညာများနှင့် အသိအမြင်ဗဟုသုတများ တန်ဖိုးထားလိုလားသူများနှင့် အတွေးအခေါ်အယူအဆ လွဲမှားပြီး လမ်းမှားရောက်နေကြသော လူငယ်လူရွယ်များရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်ထုတစ်ရပ်လုံး လမ်းမှန်ပေါ်သို့ရောက်ရှိပြီး မှန်ကန်သော အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများ တိုးပွားလာစေရန်အတွက် နိုင်ငံတစ်ဝန်းလုံးတွင် စာဖတ်ရှိန်မြှင့်တင်ရေး၊ ပညာရပ်ဝန်းများဖြစ်ပေါ်လာစေရေးကို နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြုပြီး ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေလေ့လာဖတ်ရှုရန်၊ စာပေမှရရှိသော အသိပညာများကို မှတ်သားရန်နှင့် အခြားသူများကိုလည်း ပြန်လည်ဆွေးနွေးမျှဝေပေးကြရန် မှာကြားထားသည်။ စာပေလေ့လာဖတ်ရှုခြင်းသည် မိမိတို့၏ ကိုယ်ခံအားများကောင်းလာစေရန် ဝမ်းစာများ ရှာမှီးသိုလှောင်နေခြင်းဖြစ်သည်။ ဝမ်းစာပြည့်နေသော လူငယ်လူရွယ်များအနေဖြင့် အရေးအကြောင်း၊ အခွင့်အခါပေါ်ပေါက်လျှင် မှန်ကန်သောဆင်ခြင်တုံတရားရှိပြီး မှန်ကန်စွာပြောဆိုဆွေးနွေး ဆုံးဖြတ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ မိမိနိုင်ငံအကျိုးကို အကောင်းဆုံးဖြစ်အောင် သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပညာအမွေရယူနိုင်မည့် စာကြည့်တိုက်များကို အသိပညာများ သိုလှောင်ထားသည့် ပညာဘဏ်တိုက်များအဖြစ်ရှုမြင်ပြီး တန်ဖိုးထားအသုံးချစေချင်သည်။ သို့မှသာ မိမိတို့ဝမ်းစာပြည့်ဝပြီး မိမိအကျိုး၊ နိုင်ငံအကျိုးကို စွမ်းရည်ထက်မြက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

စာအုပ်စာပေဟူသည် မဖတ်ရသေးလျှင် အသစ်ဖြစ်သည်ဟု သဘောထားပြီး ဖတ်မှတ်လေ့လာစေလိုသည်။ စာမတတ်သူသည် ထိုင်နေသူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသူနှင့်တူသည်၊ စာတတ်ပြီး စာပေဖတ်ရှုလေ့လာသူဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် စာတတ်သူများဖြစ်ကြသော်လည်း စာမဖတ်ပါက ရပ်နေသူနှင့်တူမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် စာလည်းတတ် စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် တိုးတက်သောအနာဂတ်ကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကျောင်းပညာကို အဆက်မပြတ် အဆင့်ဆင့်တက်လှမ်း ကြိုးပမ်းသင်ယူ၍ တစ်ဖက်တွင် စာကောင်းပေကောင်း အမျိုးမျိုးတို့ကို ဖတ်ရှုလေ့လာပြီး ရရှိလာသော အသိဉာဏ်ပညာများဖြင့် မိမိအကျိုး၊ မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ထိရောက်စွာဆောင်ရွက်ကြသူများဖြစ်စေရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြပ္ပမှစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၈၀၀ | ၇,၈၀၀ | ၁,၂၈၈ | ၁၀,၀၃၁,၄၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၅,၁၉၅ | ၁၅,၈၄၇,၀၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၂,၈၇၉ | ၅,၁၈၄,၂၅၀ |
| TMH | ၃,၁၀၀ | ၃,၂၀၀ | ၁၉၀ | ၅၉၉,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၀၃၀ | ၁,၆၉၄,၀၅၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၀ | ၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၄၀၅ | ၁,၂၅၅,၅၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၈၀၇ | ၂,၄၆၁,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခု ခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ဝန်ဆောင်မှုကဏ္ဍမှ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် တစ်ခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၃ ခု တို့ကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃ ဒသမ ၆၈၄ သန်းနှင့် ကျပ် ၃၄၅၈၆၃ ဒသမ ဝ၄၃ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၅၄၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခု အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့လည်း ပါရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ



စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မန်းရွှေစက်တော်ဘုရားပွဲတော်သို့ လာရောက်ကြမည့် ရဟန်းရှင်လူများ တည်းခိုနိုင်ရန် ဆောက်လုပ်ထားသည့် တည်းခိုဆောင်များကို တွေ့ရစဉ်။

**❂ ရွှေဖုံးမှ**

ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာရောက်ကြမည့် ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများကို တည်းခိုဆောင်များ၌ ညအိပ်တည်းခိုနားနေခွင့်ပြုမည်ဖြစ်ပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

**ဆောင်ရွက်**

မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ(ခြေတော်ရာ)အနီး ဘုရားဝတ္တကနယ်မြေ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် ဉာဏ်တော် ၂၄ ပေ၊ လုံးပတ်နှင့် ရေကန်တော် ပေ ၂၀ ၊ ပလ္လင်တော်အမြင့် ၁၈ ပေနှင့် ဘုရားပရိဝုဏ် အကျယ် ပေ ၃၀ ပတ်လည်ရှိ **"ဆုတောင်းပြည့်လိုတရနမ္မဒါနဂါးရုံဘုရား"** တစ်ဆူကို နေပြည်တော် လယ်ဝေးမြို့နယ် နဂါးရုံတစ်ထောင်ကျောင်းတိုက် စမတောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တဝံသသီရိ အရှင်သူမြတ် ဦးဆောင်မှုဖြင့် မတည်အလှူရှင်များက စုပေါင်းတည်ထားကိုးကွယ်ထားရှိပြီး အဆိုပါ နမ္မဒါနဂါးရုံဘုရား ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ) ရက်ပေါင်း (၇၅)ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဘုရားပွဲတော်ကာလ ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းကိုလည်း တစ်ဆက်တည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်



**နေပြည်တော် ဇန်နဝါရီ ၃၀**

တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော် ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံစီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော် ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်သည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာခြင်းဖြင့် အခြေခံအဆောက်အအုံ (Infrastructure)လိုအပ်ချက်ကို ဖြည့်ဆည်း တည်ဆောက်နိုင်ပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ နှစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်နိုင်စေရေး ရည်ရွယ် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံ ၂၈ ရုံ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ရှစ်ရုံ စုစုပေါင်း တပ်ဆင်အင်အား ၆၃၇၁ မဂ္ဂါဝပ် ရှိပါကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်နှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများမှ အချို့ဓာတ်အားပေးစက်ရုံ ၁၂ ရုံသည် ဓာတ်အားလိုင်းများ ဖျက်ဆီးခံရခြင်းနှင့် သဘာဝ ဘေးဒဏ်ကြောင့် ပျက်စီးခြင်း စသည်တို့ကြောင့် လက်ရှိတွင် ဓာတ်အားထုတ်လုပ်မှု ကျဆင်းလျက်ရှိနေပါကြောင်း၊ လက်ရှိ အချိန်တွင် နိုင်ငံတော်၏ လျှပ်စစ် ဓာတ်အားလိုအပ်ချက်ပမာဏ ပိုမို မြင့်မားလျက် ရှိနေပါကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy – RE ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းများကို အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အထက်အကြီးအကဲမှာလည်း Renewable Energy – RE အလေးထား အကောင်အထည် ဖော်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

တည်ဆောက်ဆဲ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံစီမံကိန်းများ အနေဖြင့် နေပြည်တော် ပြည်ထောင်စု နယ်မြေတွင် လေးခု၊ မန္တလေး တိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူး တိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ်တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ် ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ Hybrid (Gas Engine + Solar) စီမံကိန်းများအနေဖြင့် မန္တလေး တိုင်းဒေသကြီးတွင် တစ်ခုနှင့် မကွေးတိုင်းဒေသကြီးတွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ်ရှိပါကြောင်း၊ တည်ဆောက်ဆဲ ဆိုလာနှင့် Hybrid စီမံကိန်းများ၏ စုစုပေါင်း တပ်ဆင်အင်အား အနေဖြင့် ၁၀၂၆ မဂ္ဂါဝပ်ရှိပါကြောင်း၊ ယခုတည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံစီမံကိန်းများနှင့် Hybrid (Gas Engine + Solar) စီမံကိန်း များ၏ မြေပြင်လုပ်ငန်းတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဆိုလာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခု အစည်းအဝေးတွင် မိမိတို့၏ လုပ်ငန်းများ အကောင်အထည်ဖော်မှု၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေရသည့် အကြောင်းရင်းများကို ကုမ္ပဏီ တစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း၊ ကုမ္ပဏီ တစ်ခုချင်းစီ၏ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းများ အကောင်အထည် ဖော်ရာတွင် အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများ၊ အကြောင်းရင်းများ၊ အခြေအနေများကို သိရှိပြီးမှသာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်း အဖြေရှာသွားနိုင်မည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ဆက်စပ်ဝန်ကြီးဌာနများကလည်း ဖြေရှင်းနိုင်မည့် နည်းလမ်းများကို အကြံပြုသုံးသပ် တင်ပြ ပေးစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသော တည်ဆောက်ဆဲနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်နေသည့် စီမံကိန်း များအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစော၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီးများ နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ က ကုမ္ပဏီများ၏ တင်ပြချက်များ အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေး ကြသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်အနေဖြင့် ယနေ့ပြုလုပ် သည့် လုပ်ငန်းညှိနှိုင်းအစည်း အဝေးမှရရှိလာသည့် အခြေအနေ အားလုံးအပေါ် သုံးသပ်ပြီး အကြံပြု ချက်များ၊ ဆွေးနွေးချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အခြေ အနေများကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင် ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်း များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေး နိုင်ရေးရှေးရှုပြီး ကုမ္ပဏီများ အနေဖြင့်လည်း ဆောင်ရွက်ဆဲ လုပ်ငန်းများ အမြန်ပြီးပြတ်ပြီး လိုအပ်လျက်ရှိသော လျှပ်စစ် ဓာတ်အား အမြန်ထုတ်လုပ်နိုင်ရေး အလေးထားကြိုးပမ်း ဆောင်ရွက် ပေးကြရန် တိုက်တွန်းမှာကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- **လက်ရှိနိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၈ ရုံ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ရှစ်ရုံ စုစုပေါင်း တပ်ဆင်အင်အား ၆၃၇၁ မဂ္ဂါဝပ်ရှိ**
- **တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ်တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ်ရှိ**
- **ဆောင်ရွက်ဆဲ Hybrid (Gas Engine + Solar) စီမံကိန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ခုနှင့် မကွေးတိုင်းဒေသကြီးတွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ်ရှိ**
- **တည်ဆောက်ဆဲ ဆိုလာနှင့် Hybrid စီမံကိန်းများ၏ စုစုပေါင်း တပ်ဆင်အင်အားအနေဖြင့် ၁၀၂၆ မဂ္ဂါဝပ်ရှိ**

# ဂန့်ဂေါမြို့၌ အခြေခံပညာကျောင်းများတွင် ကျောင်းတွင်းအာဟာရကျွေးမွေး

**ဂန့်ဂေါ ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်း ခုနစ်ကျောင်းမှ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်း လုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီမှ စတင်၍ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဇန်နဝါရီ ၂၄ ရက်က ပထမအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ယနေ့နံနက်ပိုင်းတွင် အထက(မြို့မ)မှ KG ကျောင်းသား ကျောင်းသူ ၃၈ ဦး၊ အလက(မြောက်ကုန်း)မှ ၅၅ ဦး၊ အလက(ပြစ်မ)မှ ၂၈ ဦး၊ အလက(ခွဲ)စည်ပင်သာယာမှ ၄၄ ဦး၊ အလက(ခွဲ)ကျောက်တိုက်မှ ၄၆ ဦး၊ အမက(တပ်တွင်း)မှ ၁၀ ဦးနှင့် အမက(မြို့မတောင်ပိုင်း)မှ ၁၂ ဦး စုစုပေါင်း ၂၃၃ ဦးကို နေ့လယ်စာအာဟာရကျွေးမွေးခြင်းများကိုဆောင်ရွက်ခဲ့ကာ တတိယအကြိမ်ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းများဆောင်ရွက်ရာသို့ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ္တဆေးရုံအုပ် ဒေါက်တာကျော်ကျော်လွင် ဦးဆောင်သည့် မြို့နယ်ကျန်းမာရေးမှူး ဦးစန်းဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်နွယ်နီဝင်းနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေးနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရွာသစ်-အောင်မြင်ကုန်း ပေ ၁၅၀ သံကူကွန်ကရစ်တံတား ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ရွာသစ်ကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာချင်းဆက် ပေ ၁၅၀ သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သော ရွာသစ် - အောင်မြင်ကုန်း ကွန်ကရစ်တံတားသည် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၁၆၇၉ အိမ်၊ လူဦးရေ ၇၃၅၇ ဦးတို့ကို အကျိုးပြုစေမည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးမြေဧက စုစုပေါင်း ၂၆၄၉ ဧကမှ ထွက်ရှိသော စပါး၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံ၊ ကြံစသည့် သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများနှင့် တာဝန်ရှိသူများအနေဖြင့် တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု လမ်း၊ တံတားလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး တံတားသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဖွင့်ပွဲအပြီးတွင် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ တို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ရှေ့ပြေးစီမံကိန်းအဖြစ် တစ်နှစ်လျှင် နွားအကောင်ရေ ၅၀၀၊ ငါးနှစ်လျှင် အကောင်ရေ ၂၀၀၀ အထိ လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားမည့် အသားတိုးနွား မွေးမြူရေးစီမံကိန်းအတွက် အဆောက်အအုံဆောက်လုပ်နေမှုကိုလည်းကောင်း၊ ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသော ပန်းဂေါ်ဖီစိမ်း သုံးဧကစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ အိန္ဒိယနေကြာဆူရာကီရန် (Suryakiran) မျိုး စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသားတိုးနွားများ မွေးမြူထားမှုကိုလည်းကောင်း၊ နယူးဟုတ် အသားတိုးကြက်ကောင်ရေ ၄၀၀၀ မွေးမြူမည့်အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မော်လမြိုင် ဇန်နဝါရီ ၂၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကော်မတီများဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပလျက်ရှိသော အခမ်းအနားတစ်ခုဖြစ်သောကြောင့် သက်ဆိုင်ရာကော်မတီများက အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကျင်းပရေးလုပ်ငန်းကော်မတီများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ မွန်ပြည်နယ်၏ (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်စေရေးနှင့် ကောင်းမှုကုသိုလ်ရရှိစေရေး ရည်ရွယ်၍ တပို့တွဲလရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ထမနဲထိုးပွဲများ နှစ်စဉ်ကျင်းပခဲ့ကြရာ မွန်ပြည်နယ်တွင်လည်း အစဉ်အလာမပျက် ထမနဲထိုးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ပြီး ညီညွတ်ခြင်း၊ စည်းလုံးခြင်းနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ပေါ်လွင်စေသည့်ပွဲတော်အဖြစ် ဦးတည်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခင်နှစ်များက အတွေ့အကြုံများကိုလေ့လာပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **စည်သူ(ပြန်/ဆက်)**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆပ်ကော်မတီဝင်များနှင့် အထူး ဖိတ်ကြားထားသည့် ဆက်စပ် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက ယခု ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လာရောက်ကြမည့် ယဉ်ကျေးမှုအဖွဲ့များ လေ့လာရေးခရီးစဉ်၊ လေ့ကျင့်မှုနှင့် ဧည့်သည်တော်များကို အခမ်းအနားသို့ ပို့ဆောင်မှုတွင် သတ်မှတ်နေရာများသို့ သတ်မှတ်ချိန်အရောက် အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ စနစ်တကျ ပို့ဆောင်ပေးရန်လိုကြောင်း၊ ထို့ပြင် မော်တော်ယာဉ်များ၏ မီးဘေးအန္တရာယ်ကိုလည်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ကြံ့ခိုင်မှုရှိစေရေး နေ့စဉ်စစ်ဆေးဆောင်ရွက်သွားကြရန်နှင့် ဧည့်သည်တော်များ၏ ဆက်သွယ်ရေးကိစ္စများ အဆင်ပြေမှုရှိစေရေးအတွက် SIM Card၊ ငွေဖြည့်ကတ်များရောင်းချခြင်းတို့အပြင် တည်းခိုဆောင်များ၌ အော်တိုတယ်လီဖုန်းနှင့် Wi-fi အသုံးပြုနိုင်ရေးတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များနှင့် အထူး ဖိတ်ကြားထားသည့် ဆက်စပ်ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပင်လုံမြေကို သက်သေတည်၍

စာဖတ်ပရိသတ်တစ်ဦး



ပင်လုံညီလာခံကြီးကို ဆွေးနွေးတိုင်ပင်ပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် မြန်မာပြည်နှင့် တောင်တန်းနယ်များပူးပေါင်းရေး အခြေခံသဘောတူညီချက်ရရှိသည့် အထိမ်းအမှတ် ညစာစားပွဲကျင်းပစဉ်။

လွန်ခဲ့သော ၇၈ နှစ်။ မြန်မာ့သမိုင်းတွင် သမိုင်းဝင်၊ သမိုင်းတွင်မည့် ပင်လုံညီလာခံကြီးကို သုံးရက်ကြာမျှဆွေးနွေးတိုင်ပင်ပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် မြန်မာပြည်နှင့် တောင်တန်းနယ်များပူးပေါင်းရေး အခြေခံသဘောတူညီချက်ရရှိသည့် အထိမ်းအမှတ် အဖြစ် ညစာစားပွဲကို ကျင်းပခဲ့ကြသည်။

ညစာစားပွဲတွင် တောင်ပိုင်းစော်ဘွားကြီးက "ယနေ့ညဟာ နေ့ကောင်းနေ့မြတ်ဖြစ်တဲ့ ညပါပဲ။ ယခုဒုတိယအကြိမ်မြောက် ပင်လုံအစည်းအဝေးကြီးမှာ ရာဇဝင်တွင်မကြုံဖူးသော အစည်းအဝေးကြီး ဖြစ်ပါတယ်။ ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်း အမျိုးသားတို့အချင်းချင်း အထင်မှား သဘောကွဲလွဲချက်များရှိသော်လည်း ယခုတော့ ထိုသဘောကွဲလွဲချက်များမရှိတော့ပါဘူး။ ဗမာနှင့် ရှမ်းစသော တောင်တန်းနယ်သားများအားလုံး ကောင်းရာကောင်းကြောင်းအချိန်သို့ ဆိုက်ရောက်လာပါပြီ။

"ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့ အချင်းချင်းတွေသွေးကွဲအောင် ခြေထိုးသူတွေ ရှိကြောင်းကို သိပါတယ်။ သူတို့ရှိပေမယ့် ကျွန်တော်တို့ (မအ)ပါဘူး။ ကျွန်တော်တို့ လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာယုံကြည်ပါ။ ချုပ်ချယ်တဲ့စနစ်ကြောင့်သာ ကျွန်တော်တို့ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတာပါ။ ရှေ့အဖို့ လွတ်လပ်တဲ့အခါမှာ အခြားလွတ်လပ်တဲ့နိုင်ငံကြီးများနဲ့တန်းတူ အောက်မကျအောင် ဆောင်ရွက်နိုင်ပါတယ်။ ယခု နယ်ရှင်စော်ဘွားများဟာ အရင်ကလို မဟုတ်တော့ပါဘူး။ တိုင်းပြည်ကိုယ်စားလှယ်တော်များနှင့် တန်းတူပူးပေါင်းကာ ဆောင်ရွက်ကြပါတော့မယ်။

"အထူးအားဖြင့် ဗိုလ်ချုပ် ဦးအောင်ဆန်း ကြွရောက်လာပြီး ညီညီညွတ်ညွတ်ဖြစ်အောင် ဆောင်ရွက်ပေးတာကိုလည်း အလွန်ပဲကျေးဇူးတင်ဝမ်းမြောက်ကြပါတယ်။ ရှေ့အဖို့မှာ ဗိုလ်ချုပ်ဦးအောင်ဆန်း၏ အလိုဆန္ဒအတိုင်း တစ်သွေးတစ်သားတည်း ညီညွတ်ကြမည်ကို ယုံကြည်စေလိုပါတယ်"ဟု ပြောကြားခဲ့ပါသည်။

## မြန်မာပြည် ညီညွတ်စေချင်တယ်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း "ယခုအစည်းအဝေးကြီးမှာ ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် ဒီကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုပဲရှိပါတယ်။ ဘာလဲဆိုရင် မြန်မာပြည် လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ ဒီဟာပဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်ကစပြီး ကြိုးစားလာခဲ့ပါတယ်။ နောက်လည်း ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စပြီးပြတ်သည်အထိ ကြိုးစားပါမယ်။

"တစ်ခုနားလည်ထားကြဖို့အချက်က ယခုခေတ်ကမ္ဘာကြီးအခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည်တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့အခြေမျိုး မရနိုင်ကြပါဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ။

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်" စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

## ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင်မူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်း စသော တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထုကိုယ်စားလှယ်များသည် ရာဇဝင်တွင်မည့် "**ပင်လုံစာချုပ်**"ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည့် နေရာ တည့်တည့်ပေါ်တွင် အမှတ်တရမော်ကွန်းကျောက်တိုင်စိုက်ထူရန်လည်း ဆုံးဖြတ်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလဥက္ကဋ္ဌအဖြစ် ငွေတစ်ထောင် ပေးအပ်လှူဒါန်းခဲ့ပါသည်။

ဗြိတိသျှနယ်ချဲ့သမားများသည် မြန်မာပြည်အား မလွဲမသွေ လွတ်လပ်ရေးပေးရတော့မည်ကို ရိပ်စားမိ၍ တောင်တန်းဒေသများကို ချန်လှပ်ထားနိုင်ရန် အမျိုးမျိုးကြိုးစားခဲ့ကြလေသည်။ မြန်မာပြည်မအား လွတ်လပ်ရေးပေးရသော်လည်း တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်ထားနိုင်လျှင် ဗြိတိသျှနယ်ချဲ့သမားများသည် လွတ်လပ်ခါစ မြန်မာနိုင်ငံကို မိမိတို့စိတ်တိုင်းကျ ကြိုးကိုင်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် တောင်တန်းဒေသများ မပါသော မြန်မာပြည်လွတ်လပ်ရေးသည် ပြီးပြည့်စုံသော လွတ်လပ်ရေးဖြစ်မည် မဟုတ်ချေ။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရဖွဲ့ပြီးနောက်တွင် တောင်တန်းဒေသများပါမကျန် မြန်မာပြည်တစ်ပြည်လုံး လွတ်လပ်ရေးရရှိရေး အတွက် ကချင်ပြည်နယ် မြစ်ကြီးနားသို့လည်းကောင်း၊ ကရင်နီပြည်နယ် (ယခု ကယားပြည်နယ်) လွိုင်ကော်မြို့သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ လည်းကောင်း မနားမနေသွားရောက်၍တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရလေသည်။

## သွေးသားရင်းချာကဲ့သို့ သဘောထား

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နှင့် ငါးမိုင်ဝေးသော(မန်ခင်ရွာ) စာသင်ကျောင်းဝင်းအတွင်း ဂျင်းဖောအမျိုးသားတို့၏ ဧည့်ခံပွဲ၌ ဗိုလ်ချုပ်က "**ကျွန်တော်သည် ဂျင်းဖောအမျိုးသားများအား မေတ္တာရှိ၍ သွေးသားရင်းချာကဲ့သို့ သဘောထားပါတယ်။** ကရင်အမျိုးသား ခေါင်းဆောင်များကို မေးမြန်းစုံစမ်းကြည့်ပါက သိနိုင်ပါတယ်။ တိုင်းရင်းသားအချင်းချင်းတို့အပေါ်၌ ရင်းချာသောညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာ အပြောအားဖြင့်သာမဟုတ်၊ အလုပ်သဘောအားဖြင့်လည်း ပြခဲ့ပါပြီ။

"ကျွန်တော်တို့အစိုးရအဖွဲ့၏ ပေါ်လစီကို ထုတ်ပြန်ကြေညာရာမှာလည်း တောင်တန်းနယ်များတွင် သူ့နယ်နှင့်သူဆိုင်ရာ တိုင်းရင်းသားကိုယ်တိုင်အုပ်ချုပ်၍ မြန်မာပြည်နှင့် စုပေါင်းညီညွတ်စွာရှိရန် ရည်ရွယ်ချက်ရှိကြောင်းကိုလည်း ကြေညာပြီးဖြစ်ပါတယ်။ ဒါဟာလည်း တိုင်းရင်းသားများအပေါ်၌ စေတနာထားပုံ သက်သေတစ်ရပ်ပါပဲ။

"ကျွန်တော်တို့ မြန်မာပြည်အစိုးရဟာ တောင်တန်းနယ်ဆိုင်ရာ တိုင်းရင်းသားတို့၏ ကြီးပွားတိုးတက်ရေးကို အထူးလိုလားပါတယ်။ ယခုတော့ စိတ်တိုင်းကျ လွတ်လပ်ရေးမရသေးတဲ့အတွက် လုပ်ချင်သလောက် မလုပ်ပေးနိုင်ဘဲ ရှိနေရပါသေးတယ်။ ယခုတောင်တန်းနယ်များကို ဘုရင်ခံတစ်ဦးတည်းက တာဝန်ယူအုပ်ချုပ်နေပါတယ်။ ကျွန်တော်တို့ လိုလားချက်က ထိုတောင်တန်းနယ်များဆိုင်ရာ ရှမ်း၊ ဂျင်းဖော၊ ချင်းအမျိုးသားများအား တာဝန်ပေးကာ ဆောင်ရွက်စေရန်ပဲ ဖြစ်ပါတယ်။ ဒီကိစ္စအတွက်လည်း အင်္ဂလိပ်အစိုးရထံမှာ တောင်းဆိုထားဆဲ ရှိပါတယ်။ ယခုလို ဆောင်ရွက်ချက်သည်ပင် ကျွန်တော်တို့က ဂျင်းဖော စတဲ့ တိုင်းရင်းသားတို့အပေါ်မှာ စေတနာကောင်းထားကြောင်း သက်သေများပင်ဖြစ်ပါတယ်။

"ကရင်အမျိုးသားများနဲ့ ချစ်ခင်ရင်းနှီးတဲ့အတွက် ယခုအစိုးရအဖွဲ့တွင် ဝန်ကြီး ၂ နေရာကိုပင် ပေးထားသည်မှာ အထင်အရှားဖြစ်ကာ အခြားအရေးကြီးတဲ့ကိစ္စများကိုလည်း အကူအညီပေးလျက်ရှိနေပါသေးတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အတွင်း မဝင်ရောက်မီကပင် ကရင်နီနယ်တွင် ဆန်နှင့်ဆား အထူးလိုအပ်စဉ်အခါက ကျွန်တော်တို့ ငွေနှင့်ဝယ်ပြီး ဆန်နှင့်ဆား အမြောက်အမြား ပို့ခဲ့ပါတယ်။

"အထူးသတိပြုစေလိုတဲ့ အချက်တစ်ခုမှာ ကမ္ဘာပေါ်တွင် အရေးပါအရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်း အပေါင်းအသင်းမရှိဘဲ မနေနိုင်၊ မတည်တံ့နိုင်။ နီးစပ်ရာနိုင်ငံများနှင့် ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေကြရတယ်။ မြန်မာပြည်လည်း နီးစပ်ရာ ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ မြန်မာတိုင်းရင်းသားအချင်းချင်းတို့ စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျင်းဖောက တခြား၊ ချင်းက တစ်ဖုံ၊ ရှမ်းက တစ်မျိုး ဆိုသလို အကွဲကွဲအပြားပြားဖြစ်နေလျှင် ဘယ်သူမှ အားကိုးရှိမှာမဟုတ်ဘူး။ ယခုလိုဖြစ်ခဲ့လျှင် ဂျင်းဖောတို့အတွက် ပို၍အရေးကြီးတာကိုလည်း သတိပြုကြစေလိုပါတယ်။ ဒါကြောင့် တသီးတခြားနေလျှင် ဘေးအန္တရာယ်မကင်းသည်ကို သတိပြုကြပြီးလျှင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အထူးလိုလားကြစေလိုပါတယ်" စသည်ဖြင့် ပြောကြားခဲ့ပေသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက်က ညောင်ရွှေစော်ဘွားကြီး၏ စီစဉ်မှုဖြင့် ကျင်းပသော လူထုတရားပွဲကြီးတွင်လည်း ဗိုလ်ချုပ်က "မြန်မာပြည်မှာတော့ မကြာမီလွတ်လပ်ရေးရတော့မယ်။ ရှမ်းပြည်နယ်ကိုတော့ အင်္ဂလိပ်က ခြေကုပ်ထားပြီး အခွင့်ရေးတွေကို သူတို့လက်ထဲမှာထားဖို့ စိတ်ကူးရှိနေကြတယ်။ ကျွန်တော်တို့က ရှမ်းပြည်နယ်ကို လွတ်လပ်စေချင်တယ်။ လွတ်လပ်တယ်ဆိုတာမှာလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နိုင်ငံခြားအစိုးရက ချုပ်ချယ်မှုမရှိစေတဲ့ လွတ်လပ်မှုမျိုးကို ဆိုလိုတယ်။

စာမျက်နှာ ၇ သို့ ◆

❋ **မြန်မာပြည်မအား လွတ်လပ်ရေးပေးရသော်လည်း တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်ထားနိုင်လျှင် ဗြိတိသျှနယ်ချဲ့သမားများသည် လွတ်လပ်ခါစ မြန်မာနိုင်ငံကို မိမိတို့စိတ်တိုင်းကျ ကြိုးကိုင်နိုင်မည်**

❋ **ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရဖွဲ့ပြီးနောက်တွင် တောင်တန်းဒေသများပါမကျန် မြန်မာပြည်တစ်ပြည်လုံး လွတ်လပ်ရေးရရှိရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားသို့လည်းကောင်း၊ ကရင်နီပြည်နယ် (ယခု ကယားပြည်နယ်) လွိုင်ကော်မြို့သို့လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့လည်းကောင်း မနားမနေသွားရောက်၍ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရ**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဥပဒေအသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အသိပညာ မျှဝေဆွေးနွေးပွဲ အစီအစဉ် (Knowledge Sharing Program – KSP)အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ်(၅၁) အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မူပိုင်ခွင့်ဥပဒေနှင့် စပ်လျဉ်းသည့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybird စနစ်ဖြင့် ကျင်းပသည်။




ဆွေးနွေးပွဲသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က မိမိတို့ရုံးသည် စစ်ဆေးခြင်းလုပ်ငန်း အပြင် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးအတွက် သဘောထားမှတ်ချက်ပေးခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်နေရသည့် အတွက် ဌာန၊ အဖွဲ့အစည်းအသီးသီးမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မူပိုင်ခွင့် ဥပဒေ(၄)ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပေးသွားမည်ဟုသိရှိရကြောင်း၊ ဝန်ထမ်းများ အနေဖြင့်လည်း ဆွေးနွေးပွဲမှရရှိသည့် မူပိုင်ခွင့်နှင့်စပ်လျဉ်းပြီး သိရှိသင့်သည့် အသိပညာ၊ ဗဟုသုတများ၊ ဥပဒေရေးရာ အကြောင်းအရာများကို မိမိတို့လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချပြီး နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်နိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနှင်းနွယ်အေးက မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်၏အရေးပါပုံ အခြေခံသိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလင်းအောင်ဆွေက တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခြေခံသိကောင်းစရာများနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ စာမျက်နှာ ၆ မှ

**ယခုနှယ်အခါမှာ တိုင်းရင်းသားအချင်းချင်းတွေ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်။ ကျွန်တော်တို့အချင်းချင်းတွေသာမက အာရှတိုက် တိုင်းပြည်နိုင်ငံများပင် ပေါင်းစုဖို့ဟာ အရေးကြီးတယ်**”စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

၁၉၄၇ ခုနှစ် မတ် (၄၊ ၅၊ ၆)ရက်နေ့များတွင် ထီးလင်းမြို့၌ ကျင်းပခဲ့သော ချင်း–မြန်မာ ချစ်ကြည်ရေးအစည်းအဝေးကြီးတွင်လည်း ဗြိတိသျှနယ်ချဲ့စနစ်အောက်မှ လွတ်မြောက်ရန် ချင်း၊ မြန်မာ အမျိုးသားများ သွေးစည်းညီညွတ်ကာ ဆောင်ရွက်ကြမည်။ ဗြိတိသျှနယ်ချဲ့သမားတို့က မည်သို့ပင် သွေးခွဲစေကာမူ ချင်း၊ မြန်မာအမျိုးသားတို့ စိတ်ဝမ်းမကွဲဘဲ ဆောင်ရွက်ကြမည်။ လွတ်လပ်ပြီးသော မြန်မာပြည်ရိပ်မြုံကြီးတွင် တာဝန်ခွဲဝေလုပ်ကိုင်ကြရာ၌လည်းကောင်း၊ အကျိုးခံစားမှုများ၌လည်းကောင်း ချင်း၊ မြန်မာ ခွဲခြားမှုမရှိဘဲ ဆောင်ရွက်သွားကြမည်ဟူသော အဓိကအချက်ကြီးများကို လေးနက်ယုံကြည်စွာ အဓိဋ္ဌာန်ပြုခဲ့ကြ၏။ ချင်း–မြန်မာ ချစ်ကြည်ရေး အစည်းအဝေးကြီးကို ဗိုလ်ချုပ်ကိုယ်စား အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုနှင့် သခင်ဝတင်တို့ တက်ရောက်ခဲ့ကြသည်။

မြစ်ကြီးနားမှအစ ရခိုင်ပါမကျန် မြိတ်မြို့အဆုံး မြန်မာပြည်တစ်ပြည်လုံး ခရီးပြင်းထွက်နေသည့်ကြားမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အနောက်မြောက် နယ်စပ်ရှိ ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် နာဂနယ်များကို မရောက်သေး၍ ‘**ဟာ – ချင်းတောင်နဲ့ နာဂနယ်ကလူတွေနဲ့ တွေ့ဦးမှပဲ။ သူတို့နယ်တွေကို ပစ်ထားရာကျနေပြီ**’ဟုဆိုကာ ခရီးစဉ်အတွက် ပြင်ဆင်စီစဉ်ခိုင်းခဲ့သေးသည်။

သို့ရာတွင် ရန်ကုန်ရှိ လုပ်ဖော်ကိုင်ဖက်ရဲဘော်များ၊ မိတ်ဆွေများက ရန်ကုန်မြို့မှာလည်း အရေးတကြီးအလုပ်တွေ ရှိသေးသည်။ မေမြို့(ယခုပြင်ဦးလွင်)မှာ တောင်တန်းနယ် စုံစမ်းရေးကော်မတီ ရှိသေးသည်။ ခရီးဝေးကြီးကို သီတင်းကျွတ်မှ သွားပါဟု ဝိုင်း၍ဖျက်ကြသောအခါ ဗိုလ်ချုပ်က အလျှော့ပေးရကာ ၁၉၄၇ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် အထက်ချင်းတွင်းမဟုတ်ဘဲ မေမြို့သို့ နောက်ဆုံးအကြိမ် နယ်လှည့်ခရီးထွက်ခဲ့ရရှာသည်။

## နိုင်ငံတစ်နိုင်ငံ ပေါ်ထွန်းလာခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့

> **“ အထူးသတိပြုစေလိုတဲ့ အချက်တစ်ခုမှာ ကမ္ဘာပေါ်တွင် အရေးပါ အရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်း အပေါင်းအသင်း မရှိဘဲ မနေနိုင်၊ မတည်တံ့နိုင်။ နီးစပ်ရာနိုင်ငံများနှင့် ပူးပေါင်းရေး အတွက် ဆောင်ရွက်ကြိုးစားနေကြရတယ်။ မြန်မာပြည်လည်း နီးစပ်ရာ ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ မြန်မာ တိုင်းရင်းသားအချင်းချင်းတို့ စည်းလုံးညီညွတ်ရန်လည်း အထူးအရေး ကြီးပါတယ် ”**

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ပုဂ္ဂိုလ်ရေးချစ်ကြည်ရင်းနှီးခင်မင်မှုများသည် ပင်လုံမြေကို သက်သေတည်၍ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ပေါ်ထွန်းလာခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းရင်းသားခေါင်းဆောင်များက အသည်းစွဲချစ်ခင်လေးစားခဲ့ကြခြင်းမှာ ဗိုလ်ချုပ်၏ ရိုးသားပွင့်လင်းမှုနှင့် တောင်ပေါ်မြေပြန့်မကျန် ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးရယူလိုသည့် သူ၏စေတနာတို့ကြောင့်ဖြစ်သည်။

ကရင်တိုင်းရင်းသားခေါင်းဆောင်ကြီး စောစံဖိုးသင် (လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး)ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံခဲ့ရသည့် ဇူလိုင် ၁၉ ရက်တွင် ခရီးလွန်နေ၍ အသက်ဘေးမှ သီသီကလေး လွတ်သွားရသော်လည်း သူ၏ချစ်မိတ်ဆွေကြီး ဗိုလ်ချုပ်နှင့် လည်ပင်းဖက်၍ မသေလိုက်ရသည်ကို ဝမ်းနည်းမဆုံးဖြစ်ရသည်ဟု ဆိုပါသည်။

“**ကျွန်တော့်ကိုယ်စား ဦးအုန်းမောင် ဝင်ခံရခြင်းနှင့် ကျွန်တော်သေဘေးလွတ်ခဲ့ခြင်းအတွက် ဝမ်းမသာမိပါ။ ဦးအုန်းမောင်အတွက် နမြောတသ မဆုံးဖြစ်ရသလိုပင် ကျွန်တော့်မိတ်ဆွေ ဗိုလ်ချုပ်အောင်ဆန်းနှင့် လည်ပင်းဖက်၍ မသေလိုက်ရသောကြောင့် ဝမ်းနည်းနေပါသည်။ ကျွန်တော်ပါ ရောသေလိုက်ရလျှင် ဗိုလ်ချုပ်အတွက် ဤမျှ ပူဆွေးနေရမည် မဟုတ်ဟုတွေးမိသည်။ ယခုတော့ ကျွန်တော်သည် ကြေကွဲဝမ်းနည်းမဆုံးဖြစ်၍ ဗိုလ်ချုပ်ကျဆုံးသောနေရာကြမ်းပြင်၌ ထိုင်ချပြီး ငိုနေမိပါတော့သည်**”ဟု တက္ကသိုလ် စိန်တင်၏ “**မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်**”စာအုပ်တွင် ဖော်ပြခဲ့ပါသည်။

ထို့အတူပင် ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်မှာလည်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးလေသောအခါ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ကလာပ်ထားရှိရာ ဂျူဗလီဟောသို့ လာရောက်ဂါရဝပြုရင်း မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်အထိ စိတ်ထိခိုက်ခဲ့လေသည်။

ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကျဆုံး၍ တိုင်းပြုပြည်ပြုလွှတ်တော်၏ ကြေကွဲဝမ်းနည်းကြောင်းအဆိုကိုလည်း အခြားတိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ညောင်ရွှေစော်ဘွား၊ ချင်းတိုင်းရင်းသားခေါင်းဆောင် ဦးဝမ်ကိုဟော၊ ကရင်တိုင်းရင်းသားခေါင်းဆောင် စောစံဖိုးသင်တို့နှင့်အတူ ထောက်ခံဆွေးနွေးပြောဆိုခဲ့ကြပါသည်။

ချင်းတိုင်းရင်းသားခေါင်းဆောင်နှင့် ဝန်ကြီးဖြစ်သူ ဦးဝမ်ကိုဟောကလည်း **“ချင်းအမြင်နှင့် ဗိုလ်ချုပ်”**ဆောင်းပါးတွင် **“ဗိုလ်ချုပ်အောင်ဆန်း နယ်စပ်ဒေသရှိ တိုင်းရင်းသူ တိုင်းရင်းသားများနှင့် အဆက်အသွယ်ပြုလုပ်ရသည်မှာ မကြာလှသော်လည်း ဗိုလ်ချုပ်သည် လူမသမာများ၏ လုပ်ကြံခြင်းမခံရမီ ထိုဒေသများ၏တိုးတက်ရေးစီမံကိန်း အုတ်မြစ်များကို ချပြီးခဲ့လေသည်။ ဆိုရန်တိုဗီလာတွင် နေ့စဉ်ကျင်းပခဲ့သည့် ကွန်ဖရင့်များတွင် ဗိုလ်ချုပ်သည် ထိုဒေသများ၏လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျောက်မီးသွေးတူးဖော်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စများအပြင် စစ်ဘက်ဆိုင်ရာ အရပ်ရပ်ကိုလည်း ဆွေးနွေးခဲ့လေသည်။**

**နယ်စပ်ဒေသများ၏ တိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေးသည် အထူးသဖြင့် ချင်းနှင့် ကချင်ပြည်နယ်များအတွက် အရေးကြီးဆုံးအချက်များဖြစ်သည်ဟု ဗိုလ်ချုပ်က အမြဲပြောဆိုခဲ့လေသည်**” စသည်ဖြင့် ရေးသားခဲ့သည်။

## ဒီမိုကရေစီကိုလိုလားသူတိုင်းအတွက် မှတ်သားဖွယ်

ပြည်ထောင်စုနိုင်ငံဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ပါလီမန်ဒီမိုကရေစီခေတ်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးဖြစ်သူ ဖဆပလ ဦးကျော်ငြိမ်းက “**လွတ်လပ်တဲ့ မြန်မာနိုင်ငံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရယ်လို့ ကမ္ပည်းထိုးခဲ့ကြပါတယ်။ ပြီးတော့ ပြည်ထောင်စုနေ့ရယ်လို့လည်း ဒုတိယညီလာခံမှာ သဘောတူလက်မှတ်ရေးထိုးတဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကိုအစွဲပြုပြီး နှစ်စဉ်ခမ်းခမ်းနားနား ကျင်းပပါတယ်။**

“**နိုင်ငံရဲ့ပြဿနာ၊ လူမျိုးရဲ့ပြဿနာဆိုတာ မလွယ်လှပါဘူး။ အတွေးအခေါ် အမြော်အမြင်မရှိဘဲ စိတ်လိုက်မာန်ပါ ပြောဆိုလုပ်ကိုင်ကြမယ်ဆိုရင် ဘေးဒုက္ခဆိုးတွေနဲ့ ကြုံတွေ့ရတတ်သော ကမ္ဘာ့သမိုင်းမှာ ထင်ထင်ရှားရှားတွေ့ရပါတယ်။**

“**ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက မိမိတို့ကွဲလွဲတဲ့ အယူအဆတွေကို အကြိမ်ကြိမ်အဖန်ဖန် ဖော်ထုတ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် နားလည်မှုရအောင် ယူသူကယူ၊ နားလည်မှုမရအောင် ရည်ရွယ်ချက်ဖြင့် သွေးခွဲသူကခွဲဆိုတော့ သဘာဝအဖြစ်အပျက်တွေထဲမှာ ရုန်းကန်ရပါတယ်။ စားပွဲဝိုင်းမှာညှိနှိုင်းပြီး သဘောတူညီမှုရနိုင်သမျှရအောင် သည်းခံစိတ်ရှည်ဆွေးနွေးရတာပဲ။ အဲဒါဟာ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်ပါတယ်**”ဟူသည့် မိန့်ဆိုချက်ကလည်း ဒီမိုကရေစီကို လိုလားသူတိုင်းအတွက် မှတ်သားဖွယ်ကောင်းလှပါသည်။

သို့ဖြစ်ရကား ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တစ်ချိန်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်နှင့် “**ညီညွတ်ရေးနဲ့၊ အသက်ရှည်ရှည်၊ ခင်ခင်မင်မင်၊ လက်ရည်တစ်ပြင်တည်း၊ ရှေးကတော့ ပိုချစ်ကြတယ်**”ဟူသည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ကို ပြန်ပြောင်းအမှတ်ရကြပြီး တိုင်းရင်းသားအပေါင်း လိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တည်ဆောက်ကြပါစို့။ ။

## ဘားအံမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၀**

ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အဆိုပါပွဲတော်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အဆိုပါအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည် Video Clip ကို ကြည့်ရှုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ခြင်းသည် တိုးတက်ကြီးပွားခြင်း၏ လှေကားထစ်ဖြစ်သည့်အတွက် အနာဂတ်နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ဦးဆောင် တာဝန်ယူကြမည့် ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် အသိလိမ္မာတိုးတက်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူကောင်းလူတော်များ ဖြစ်လာစေရန် ကျောင်းစာကြည့်တိုက်များကို အသုံးပြုကြပါ၊ စာအုပ်စာပေများကိုဖတ်ရှုလေ့လာကြပါ၊ စာပေစကားဝိုင်းများ၊ စာပေဆိုင်ရာဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စာဖတ်ဝိုင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်တို့မှ စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုပြခန်းများ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲများ၊ ကရင်တိုင်းရင်းသားစာပေ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ရုပ်ပုံဆက်ပြိုင်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်တွင် ကျောင်းသားလူငယ်များ စာပေဖတ်ရှုလေ့လာနေမှုတို့ကို ကြည့်ရှုအားပေး၍ ကျောင်းစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မဲခေါင်စာပေဆုရှင်စာရေးဆရာ နေမင်းသန်း၊ အမျိုးသားစာပေဆုရှင် ဆရာအောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မဲခေါင်စာပေဆုရှင် စာရေးဆရာ နေမင်းသန်းက မိမိရေးသားသည့် သီကုံးပန်ဆင် ကဗျာဗုဒ္ဓဝင်စာအုပ်သည် ဗုဒ္ဓဘာသာဦးသျှောင်၊ သာသနရှေ့ဆောင်ဆရာတော်ကြီးများ၊ ပညာရှင်များအတွက် ရည်ရွယ်ခြင်းမဟုတ်ဘဲ လူငယ်လူရွယ်၊ ကျောင်းသားကျောင်းသူများနှင့် ဗုဒ္ဓဘာသာအခြေခံလိုအပ်သူများအတွက် ရည်ရွယ်ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များနှင့် အများဆုံးထိတွေ့သည့် ကျောင်းစာကြည့်တိုက်၊ ကျေးလက်စာကြည့်တိုက်နှင့် မြို့နယ်စာကြည့်တိုက်များမှတစ်ဆင့် ပျံ့နှံ့ရောက်ရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မဲခေါင်စာပေဆုရှင် စာရေးဆရာ နေမင်းသန်းက ၎င်းကိုယ်တိုင်ရေးသားပြုစုထားသော "သီကုံးပန်ဆင် ကဗျာ ဗုဒ္ဓဝင်"စာအုပ် ၁၃၀ ကိုလည်းကောင်း၊ အမျိုးသားစာပေဆုရှင် ဆရာဦးအောင်စိုး **(ယာပုံ)** က ဆရာမြတ်ရှင်နှင့် ဆရာရွှေရည်စိုးတို့ကိုယ်စား ဧဝယျာစာပေဘဏ်တိုက် မဂ္ဂဇင်းအမှတ် (၁) စာအုပ် ၅၀ နှင့် ကျေးလက်တစ်ခွင်သာစေချင် စာအုပ် ၃၅ အုပ်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။



သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဒေသတွင်း MSME ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်သစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ရုံသာမက ပြည်ပသို့ ဈေးကွက်မြှင့်တင်နိုင်

**နေပြည်တော် ဇန်နဝါရီ ၃၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်း ထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြပွဲများခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ **ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ အတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေး** နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည် -

**မေး။** ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် MSME လုပ်ငန်းတွေ ပြသနိုင်ဖို့ ပြခန်းတွေ ဘယ်လိုစီစဉ်ဆောင်ရွက်သွားမလဲဆိုတာ သိပါရစေ။

**ဖြေ။** ပြခန်းနေရာ ချထားရေးနှင့် ခင်းကျင်းပြသရေး ဆပ်ကော်မတီအနေနဲ့ ပြခန်းတွေ ခင်းကျင်းပြသနိုင်ရေးနဲ့စပ်လျဉ်းပြီး တည်ဆောက်ပြီးတဲ့ပြခန်း (အကြမ်းထည်)တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအသင်းက တာဝန်ခံတွေနဲ့ ချိတ်ဆက်ပြီး နေရာချထားပေးတာ၊ ပြခန်းမှာလိုအပ်တဲ့ စားပွဲ၊ ကုလားထိုင်ငှားရမ်းရေး၊ နေရာချထားရေးနဲ့ ထုတ်ကုန်ပစ္စည်းတွေ ခင်းကျင်းပြသနိုင်ရေး ကူညီဆောင်ရွက်ပေးတာ၊ ခင်းကျင်းပြသမယ့် ထုတ်ကုန်တွေစာရင်းပြုစုတင်ပြတာတွေကို ဆောင်ရွက်ပါတယ်။ ပြခန်းတွေရဲ့ နဖူးစည်းဆိုင်းဘုတ်တွေ တစ်ပြေးညီဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးတာ၊ ပြခန်းတွေရဲ့ လိုအပ်ချက်တွေကို အခြားဆပ်ကော်မတီတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးတာနဲ့ လုပ်ငန်းကော်မတီနဲ့ ဦးစီးကော်မတီကို တင်ပြလမ်းညွှန်ချက်ခံယူတာတွေ ဆောင်ရွက်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပြခန်း ၉၅ ခန်း ပါဝင်မှာဖြစ်ပြီး စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပါဝင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် MSME ပြခန်း ၁၆ ခန်း၊ B to B ပြခန်း၊ ဘဏ်များအသင်း၊ Digital Conner နဲ့ ပုဂ္ဂလိကအသင်းအဖွဲ့ပြခန်း ရှစ်ခန်း၊ ပြန်ကြားရေးရုံးခန်းနဲ့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း(MYEA)၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း (MWEA)၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYANWEN)၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာပြည်သား စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်း၊ Packaging၊ ဝါးလားခေါက်ဆွဲ၊ ရန်ကုန်တာယာ စသဖြင့်ပါဝင်မှာဖြစ်ပါတယ်။

အသေးစားစက်မှုလက်မှုပြခန်း ၁၁ ခန်း၊ သမဝါယမပြခန်း ၁၀ ခန်းနဲ့ ရိုးရာစားသောက်ဆိုင်ခန်း၊ ပြင်ပစားသောက်ဆိုင်ခန်း ၂၀ ခန်း၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီများ စက်ပစ္စည်းပြခန်း၊ မာလာမြိုင်၊ Good Brother၊ မြန်မာ့သြဘာ၊ Myanmar New Power Motor Cycle Co., Ltd တို့ ပါဝင်မှာ ဖြစ်ပါတယ်။

**မေး။** MSME ပြပွဲမှာ ပါဝင်ပြသမယ့် ပြခန်းတွေက ဒေသအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်တွေကို ပါဝင်ပြသမယ်လို့ သိရှိရပါတယ်။ ဘယ်လိုထုတ်ကုန်မျိုးတွေ ပါဝင်ပြသသွားမယ်ဆိုတာ သိရှိလိုပါတယ်။

**ဖြေ။** MSME ပြပွဲမှာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်တွေအနေနဲ့ ပြည်တွင်းမှာ ထုတ်လုပ်ဖြန့်ဖြူးနေတဲ့ ထုတ်ကုန်တွေအပြင် ပြည်ပကို ထုတ်လုပ်ပြီး တင်ပို့နေတဲ့ထုတ်ကုန်တွေ ပါဝင်ပါတယ်။ အခုပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ အဓိကအားဖြင့် အမျိုးအစားခြောက်မျိုးနဲ့ ပြသသွားမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်ပစ္စည်းတွေ၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေ၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်ပစ္စည်းတွေ၊ One Region One Product (OROP) ထုတ်ကုန်တွေ၊ ဒေသရိုးရာအစားအစာအရောင်းဆိုင်တွေ ပါဝင်ပြသရောင်းချမှာဖြစ်ပါတယ်။

**မေး။** ဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွေမှာ ဘယ်လိုစီစဉ်ပြသသွားမယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ဝန်ကြီးဌာနပြခန်းတွေမှာ MSME လုပ်ငန်းရှင်တွေ အနေနဲ့ ချိတ်ဆက်ရမယ့် လုပ်ငန်းတွေမှာ စက်မှုဝန်ကြီးဌာနက ဘာတွေလုပ်ပေးနေသလဲ ဘာတွေလုပ်ပေးနိုင်သလဲ Website မှာ တင်ထားပေမယ့် မကြည့်မိတဲ့သူလည်း ရှိနိုင်တဲ့အတွက် ဝန်ကြီးဌာနပြခန်းမှာ ပြသထားခြင်းဖြင့် ပြပွဲရောက်တုန်းရောက်ခိုက်မှာ သိရှိသွားနိုင်မှာ ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စတဲ့ဝန်ကြီးဌာနတွေ၊ MSME ထုတ်ကုန်ပစ္စည်းနဲ့ ဆက်စပ်ဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနတွေက လုပ်ငန်းရှင်တွေလိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ နည်းပညာတွေ ရှင်းလင်းပြသပေးသွားမှာဖြစ်ပြီး သိရှိလိုတာတွေကို တစ်ခါတည်း အဖြေရသွားအောင် ဆောင်ရွက်ပေးသွားကြမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်ပစ္စည်းတင်ပို့တဲ့ နိုင်ငံတွေရဲ့ လိုလားချက်ကို သိရှိနိုင်ဖို့အတွက် ကုန်ပစ္စည်းတွေ တရုတ်ကိုပို့ရင် GACC ရအောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို ပြပွဲမှာ Message ပေးမှာဖြစ်ပါတယ်။

ပြခန်းတွေမှာ အမယ်သစ်ထုတ်ကုန်တွေဖြစ်တဲ့ ဝါး/ ဝါ/ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်တွေနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေကိုလည်း ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။

**မေး။** ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေက စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ MSME တွေကို ဘယ်လိုအကျိုးပြုတယ်၊ အထောက်အကူပြုတယ်ဆိုတာ သိပါရစေ။

**ဖြေ။** အခုလို MSME ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် လာရောက်ကြည့်ရှုသူတွေ အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသအသီးသီးက MSME ထုတ်ကုန်တွေ ဘာတွေထုတ်နေသလဲ၊ ဘယ်လောက်အထိအရည်အသွေးပြည့်ဝသလဲဆိုတာကို မျက်မြင်သိရှိနိုင်မှာဖြစ်သလို ထုတ်လုပ်သူတွေအနေနဲ့ မိမိထုတ်ကုန်အပေါ် ဘာလိုအပ်ချက်တွေရှိတယ်၊ ဘယ်လိုထုတ်ကုန်မျိုးကို ထုတ်လုပ်သင့်တယ်၊ ဘယ်လိုထုပ်ပိုးမှုတွေ အသုံးပြုသင့်တယ်၊ ဝယ်ယူသူတွေရဲ့ ကြိုက်နှစ်သက်မှုနဲ့ ဈေးကွက်တွေကို ဘယ်လိုချဲ့ထွင်နိုင်မယ်ဆိုတာတွေကို သိရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့ရဲ့ထုတ်ကုန်ကို လုပ်ငန်းရှင်တွေကို ပြသနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုသာမက ပြည်ပသို့ တင်ပို့နိုင်ရေးအထိပါ ဝန်ကြီးဌာနတွေနဲ့ ဘယ်လိုချိတ်ဆက် ဆောင်ရွက်ရမယ်ဆိုတာကို သိရှိနိုင်မယ့် အခွင့်အလမ်းတွေကို ရရှိလာစေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ခင်းကျင်းပြသမယ့် MSME ထုတ်ကုန်တွေအနေနဲ့ "ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူလျှင် အရည်အသွေး ပိုကောင်းရမည်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း မိမိဒေသအလိုက် ထုတ်ကုန်တွေကို ခင်းကျင်းပြသယှဉ်ပြိုင်ကြပြီး နိုင်ငံတော်အဆင့်နဲ့ လျော်ညီစွာ အဆင့်မီမီ ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။



ဦးထွန်းထွန်းထွေး

MSME ပြိုင်ပွဲကို ပြုလုပ်ပေးခြင်းဖြင့် ထုတ်လုပ်သူတွေအနေနဲ့ မိမိတို့ရဲ့ ထုတ်ကုန်ကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့ Brand ဆုကို ရရှိသွားပြီဆိုတာနဲ့ ဂုဏ်ယူဖို့လည်း ကောင်းပြီး နိုင်ငံတော်က အသိအမှတ်ပြုလိုက်တာ ဖြစ်တဲ့အတွက်ကြောင့် Brand ရော၊ ကုန်အမှတ်တံဆိပ်ရော ချက်ချင်း လူသိများသွားမှာ၊ ပေါက်သွားမှာ ဖြစ်ပါတယ်။ Brand ပေါက်သွားပြီဆိုတာနဲ့ ထုတ်ကုန်ကလည်း ပိုပြီးရောင်းအားတက်လာမှာ ဖြစ်ပါတယ်။

နိုင်ငံတော်က MSME ပြပွဲ၊ ပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် MSME စီးပွားရေးလုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာ စီးပွားရေး Platform တစ်ခုဖြစ်လာစေမယ့် အကျိုးကျေးဇူးတွေကို ရရှိစေမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဒေသတွင်း MSME ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်သစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ရုံသာမက ပြည်ပသို့ ဈေးကွက်မြှင့်တင်နိုင်စေမှာဖြစ်တဲ့အပြင် စွန့်ဦးတီထွင်သူတွေရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။** ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာ ရှိရင် ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** အခုကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပြည်သူတွေအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက ထုတ်ကုန်တွေကို တွေ့မြင်သိရှိခွင့်ရမယ့်အပြင် မိမိတို့ကြိုက်နှစ်သက်ရာ ကုန်ပစ္စည်းတွေကို ဖြန့်ဖြူးရောင်းချနိုင်ဖို့ အဆက်အသွယ်တွေရရှိလာမယ်။ ဈေးနှုန်းချိုသာစွာနဲ့ မိမိနှစ်သက်တဲ့ပစ္စည်းတွေကို စိတ်ကြိုက်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

**ဝင်းဝင်းမင်း၊ ဓာတ်ပုံ - ပြည့်စုံ**




---

■ **MNL မှ**

တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသည့် ရခိုင်ယူနိုက်တက်အသင်းသည် အား/ကာသိပ္ပံအသင်းကို သရေကစားပြီး သရေတစ်မှတ် ရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုနှင့် အတူ အဆင့် ၅ နေရာအတွက် ဖိအားများသွားပြီဖြစ်သည်။

ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားများ အပါအဝင် ပြည်တွင်းအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းကလည်း ခိုင်ရဲဝင်း၊ ဝင်းပြည့်မောင်၊ သန်းတိုးအောင်၊ ဇင်ရဲနောင်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သလို ဂိုးရနိုင်သည့် အခွင့်အရေးများရရှိသော်လည်း နှစ်ဖက်ဂိုးသမားနှင့် ခံစစ်ကစားသမားများ အမှားမရှိသဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရခိုင်ယူနိုက်တက်ဂိုးသမား ခန့်မင်းသန့်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၈ ပွဲကစား ၂၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၈ ပွဲကစား ခုနစ်မှတ်ရရှိထားသည်။ ပွဲစဉ်(၁၈)ဒုတိယနေ့ကို ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ တက်ရောက်



ထားဝယ် ဇန်နဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးသက်နိုင်၊ တိုင်းဒေသကြီးဥပဒေချုပ်ဦးအုန်းသန်းတို့က ပညာရေးစုံညီပွဲတော်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ၏ ပညာရေးစုံညီပွဲတော်၊ လှလိုက်တဲ့တနင်္သာရီ၊ Fitness Dance အကများဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော် သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့အခမ်းအနားတွင်အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ဗဟိုအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် National ICT Awards ပြိုင်ပွဲများမှ ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၁ ဦးအပါအဝင် တိုင်းဒေသကြီးအဆင့် ပြပွဲပြိုင်ပွဲအသီးသီးမှ ဆုရရှိသူ ထူးချွန်ကျောင်းသား ကျောင်းသူ ၆၄ ဦးအား ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ငွေ ၅၃ သိန်းကျော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် ဗဟိုအဆင့် အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် (၃)နှစ် ဆက်တိုက် ဆုများရရှိခဲ့သည့်အပြင် National ICT Awards ပြိုင်ပွဲတွင်လည်း (၂)နှစ်ဆက်တိုက် ဆုများရရှိခဲ့သောကြောင့် များစွာဂုဏ်ယူပါကြောင်းနှင့် နောက်နှစ်များတွင်လည်း နိုင်ငံတော်အဆင့်၌ ဆုများရရှိအောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးဦးဝင်းနောင်က တိုင်းဒေသကြီးပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီးမှ ဗဟိုအဆင့်တွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီးအဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော ဧည့်သည်တော်များအား ဆရာ ဆရာမများနှင့် အခြေခံပညာ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားအက၊ ရိုးရာယဉ်ကျေးမှုအက၊ တပင်တိုင်အက၊ အကအလှပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ITPEC စာမေးပွဲအောင်လက်မှတ်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ




ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် (၇) နိုင်ငံအသိအမှတ်ပြု ITPEC စာမေးပွဲ အောင်လက်မှတ်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၉ ရက်က လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park ကွန်ဖရင့်ဟောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းခိုင်က အခမ်းအနားကျင်းပနိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပစစ်ဆေးခဲ့သည့် FE Exam နှင့် IP Exam တို့တွင် (၇) နိုင်ငံ၌ အမှတ်အများဆုံး ( ITPEC Award ) ဆုရရှိသူများကို မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ FE Exam တွင် မြန်မာနိုင်ငံ၌ အမှတ်အများဆုံး ( Excellence Award ) ဆုရရှိသူများကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌဦးထွန်းခိုင်နှင့် IP Exam တွင် မြန်မာနိုင်ငံ၌ အမှတ်အများဆုံး ( Excellence Award ) ဆုရရှိသူများကို မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမင်းဦးတို့က ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် ITPEC Exam တွင် ဝင်ရောက်ဖြေဆိုသူအများဆုံးဆုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဆုရရှိကြသည့် သင်တန်းကျောင်းများကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌဦးမင်းဦးက ဆုများပေးအပ်သည်။

ဆက်လက်၍ FE Examတွင် အောင်မြင်ခဲ့သူများအား အောင်လက်မှတ်များနှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းထိန်ဝင်းက AI Opportunities and Challenges ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ယနေ့ပြုလုပ်သည့် ITPEC စာမေးပွဲ အောင်လက်မှတ်ပေးအပ်ပွဲတွင် အောင်မြင်သူများမှာ မြန်မာတစ်နိုင်ငံလုံးတွင် ၇၃၃ ဦးရှိကြောင်း သိရသည်။

မျိုးမင်းသူရ

# မူဆယ်မြို့၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များ ပြုလုပ်ဆောင်ရွက်

မူဆယ် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကျောင်းအခြေပြု ကလေးငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

**သင်ကြားပြသပေး**

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးနေဝင်းတိုးက ကလေးသူငယ်များအား ပြုလုပ်ဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်လျှော့ချစေရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်း၊ သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်သတင်းရရှိပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို သိရှိနားလည်စေရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ကလေးသူငယ်များအနေဖြင့် မိမိကိုယ်တိုင်(သို့မဟုတ်) ပတ်ဝန်းကျင်အားကူညီပေးနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးပါက ကလေးသူငယ်များအနေဖြင့် မည်ကဲ့သို့ သိရှိနားလည်စေရန် အကြောင်းအရာများ၊ (IZA! Kaeru Caravan)ဖြစ်ပေါ်လာမှုအစနှင့် ၎င်းဂိမ်းကစားနည်းများကို ကလေးသူငယ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား အဖွဲ့လိုက်စနစ်ဖြင့် ဂိမ်းကိုးမျိုးကို အလှည့်ကျစနစ်ဖြင့် ပါဝင်ကစားကြပြီး သိရှိနားလည်စေရန် မီးသတ်တပ်ဖွဲ့ဝင်များက သင်ကြားပြသပေးကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)



# မြဝတီမြို့ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၀

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်က အဆိုပါကျောင်းဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။




ဦးစွာ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးအောင်ဇော်အေးက တပို့တွဲလ ထမနဲထိုးပွဲတော်ကျင်းပပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်များ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ သတ်မှတ်လူဦးရေနှင့် သတ်မှတ်ပစ္စည်းအမျိုးအမည်ပမာဏကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် အသင်း ၁၃ သင်းက သတ်မှတ်အချိန်အတိုင်း စတင်ယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ပေးဒိုင်အဖွဲ့က လိုက်လံကြည့်ရှု အကဲဖြတ်ပေးကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများအား ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ ပညာရွှေဖူးကိုယ်ပိုင် အလယ်တန်းကျောင်း တည်ထောင်သူ ဦးသန်းရွှေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# တိုင်းရင်းဆေးပညာဖြင့် ဥတုရာသီအလိုက် ကျန်းမာရေးစောင့်ရှောက်ခြင်း

တိုင်းရင်းဆေးပညာအမြင်အရ ရာသီဥတုသဘောသဘာဝနှင့် ရာသီဥတုအလိုက် ဖြစ်ပေါ်ကျရောက်တတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ လိုက်နာနိုင်ရန်အချက်များနှင့် ရှောင်ကြဉ်နိုင်ရန် အချက်များကို ပြည်သူလူထုသိရှိနိုင်ရန်ရည်ရွယ်၍ တိုင်းရင်းဆေးပညာဖြင့် ဥတုရာသီအလိုက် ကျန်းမာရေးစောင့်ရှောက်ခြင်းအား ရေးသားဖော်ပြလိုက်ပါသည်။ တိုင်းရင်းဆေးပညာအရ ဆောင်းဥတု၏ ကာလအပိုင်းအခြားမှာ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလသည် ဆောင်းဥတုဟု ဆေးကျမ်းများတွင် ခေါ်ဆိုပိုင်းခြားထားပါသည်။

**နေနေနိုင်ရည်**
**မိုးမိုးသန်း**
**ရီရီစန်း(တိုင်းရင်းဆေး)**

**ဆောင်းဥတု၏သဘာဝလက္ခဏာများ**

ဥတုဘောဇနသင်္ဂဟ ဆေးကျမ်းအလိုအရ ဆောင်းဥတု၏ သဘာဝလက္ခဏာများကို ဖော်ပြရလျှင် ဆောင်းဥတု၏အစဖြစ်သော တန်ဆောင်မုန်းလ၏ ဒုတိယလတစ်ဝက်သည် သာယာကြည်နူးဖွယ်ကောင်းသော ရာသီကာလဖြစ်ပါသည်။ နှင်းများကျလိုက်၊ မိုးများရွာလိုက် ဖြစ်နေတတ်ပါသည်။ သို့မို့ကြောင့်ပင် ရှေးတောင်သူဦးကြီးများက "တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်" ဟု ဆောင်ပုဒ်ပြုခဲ့ကြပါသည်။ ဆိုလိုရင်းမှာ ခြောက်သွေ့မှုမရှိဘဲ အေးနေခြင်းဟု ဆိုလိုသောကြောင့် စိုစွတ်၍ အေးမြသောအချိန်ဖြစ်ပါသည်။

ထိုအချိန်တွင် အနောက်တောင် မုတ်သုံရာသီလေသည် အပြီးအပိုင်ဆုတ်ခွာသွားခဲ့ပြီ ဖြစ်ပါသည်။ အေးမြသော မြောက်ပြန်လေညင်းလေးသည် တသုန်သုန် တိုက်ခတ်စပြုလာပြီဖြစ်ပါသည်။ ပြာသိုလနှင့် တပို့တွဲလတွင် ပြင်ပလောကဓာတ်ကြီးမှာ အအေးဓာတ်ပို၍ လွှမ်းမိုးလာပါသည်။ တန်ဆောင်မုန်းလနှင့် နတ်တော်လများမှာ မြောက်လေတိုက်ခတ်လာပြီး ဆီးနှင်းများအလွန်ကျကာ ပြာသိုလနှင့် တပို့တွဲလများ ရောက်သည့်အခါတွင် ဆီးနှင်းများကျခြင်း နည်းပါးသွားပါသည်။

**ဆောင်းဥတု၌ကျန်းမာနေကြောင်းနှင့် မကျန်းမာကြောင်း သိသာနိုင်သော ယေဘုယျလက္ခဏာများ**

ငင်းအပြင် ဆောင်းဥတု၌ လူအများတွင် ကျန်းမာနေကြောင်းနှင့် မကျန်းမာကြောင်း သိသာနိုင်သော ယေဘုယျလက္ခဏာများကိုလည်း ရေးသားဖော်ပြရလျှင်–

ယခုကဲ့သို့ ဆောင်းဥတု အအေးနယ်တွင် လူများ၏ ကိုယ်ခန္ဓာတွင် အအေးအုပ်စိုးပါက ကျန်းမာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တွင်း၊ ကိုယ်ပ နှစ်ဌာနလုံး အပူချိန်လျော့ပါးနေရမည်ဖြစ်သည်။ ဆောင်းဥတုသဘောအရ လူများတွင် တွေ့နိုင်သော လက္ခဏာများမှာ ရေမငတ်ခြင်း၊ ချွေးမထွက်ခြင်း၊ ဆီးအရောင်ဖြူပြီးများခြင်း၊ အသားများပပ်၍ ကြမ်းပြီးခြောက်နေခြင်း၊ ကိုယ်သားကိုယ်ရေ ပူနွေးနေခြင်း၊ ပါစကဝမ်းမီးကောင်းသော ဥတုဖြစ်သောကြောင့် စားလိုက်သော အစားအသောက်များ စားသောက်ကောင်းခြင်း စသည့် လက္ခဏာများသည် **ကျန်းမာသူတို့၏ လက္ခဏာများဖြစ်သည်။** ထိုကဲ့သို့မဟုတ်ဘဲ ဆောင်းဥတုတွင် ဆီးပူခြင်း၊ ဆီးဝါခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်သားကိုယ်ရေအေးခြင်း၊ ချွေးထွက်များခြင်း၊ ရေငတ်ခြင်း၊ အစားအသောက်ပျက်ခြင်းများ တွေ့ရှိပါက **မကျန်းမာသူတို့၏ လက္ခဏာများဖြစ်သည်။**

**ဆောင်းဥတုတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် သောက်သုံးသင့်သောဆေးဝါးများ**

ဆောင်းဥတုတွင် ဖြစ်ပွားတတ်သော ရောဂါများမှာ **တုပ်ကွေး၊ အအေးမိနှာစေး၊ ချောင်းဆိုး၊ အဆုတ်ရောင်၊ သလိပ်ဖျား၊ ရင်ကျပ်ပန်းနာရောဂါ၊ ချမ်းဖျားတုန်ဖျား၊ အူရောင်ငန်းဖျား၊ ဝက်သက်ဖျား စသောရောဂါများ ဖြစ်ပွားတတ်ပါသည်။** ငင်းရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အေး၊ ချို၊ ချဉ်၊ ငန် အရသာရှိသော ဆေးဝါးအစာတို့ကို မှီဝဲသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁) မက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၇) နွယ်ချိုကဲဆေးတို့ကို တိုင်းရင်းဆေးပညာရှင်များ ညွှန်ကြားသည့်အတိုင်း သောက်သင့်ပါသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ငရုတ်သီးမထည့်ဘဲ ရှောက်သီးသုပ်၊ သံပရာရည်၊ ကြာဆံဟင်းခါး၊ ပတဲကောဟင်းချို၊ ကန်စွန်းရွက်ကြော် စသည်တို့ကို ချက်ပြုတ်စားသောက်သင့်ပါသည်။ ဥတုဖျားဖြစ်ပါက ကွမ်းရွက်သတ္တုရည် ဟင်းစားဇွန်းတစ်ဇွန်းနှင့် ချင်းပြုတ်ရည်ကို ဆားနည်းနည်းထည့်ပြီး အကြမ်းတစ်ပန်းကန်လုံးစာ တစ်နေ့သုံးကြိမ် သောက်ပေးသင့်ပါသည်။ ငင်းအပြင် ချွေးသင့်ရုံထွက်ရန်အတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၆) ဟလိဒ္ဒစုဏ္ဏငန်းဆေးကို တစ်ကြိမ် ငါးပြား တစ်နေ့ သုံးကြိမ်၊ ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်တို့နှင့် သောက်သင့်ပါသည်။ **တုပ်ကွေးဖျားဖြစ်လျှင် တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်လုပ်သော ဝိသမအဖျားပျောက်ဆေးကို နီးစပ်ရာတိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများတွင် အခမဲ့ရယူ၍ ဆရာ ဆရာမများ၏ ညွှန်ကြားချက်အတိုင်း သောက်နိုင်သည်။**

ငင်းအပြင် ရှေးဆေးကျမ်းများတွင် ဆိုထားသည့် ဆောင်းဥတုအတွက် စားသုံးနိုင်ရန် သင့်မြတ်သော ဆေးဝါးများကို ဖော်ပြရလျှင် ကြစုသီးနှင့် ချင်းခြောက်ကို စားသုံးသင့်သည်ဟု ဆိုထားပါသည်။ နရသုခိဆေးကျမ်းအရ "ဆောင်းတွင်းရောက်သော်၊ ဖျောက်ဆိတ်သက်ရင်း၊ သင်းဝင်ပေါက်ဖြူ၊ နံ့သာဖြူ၊ တပဆေး၊ နည်းပေးသင့်စွာ၊ ထောက်ရှာ၊ ပဉ္စလက်ာ၊ ခြောက်ဖြာပေါင်းဖွဲ့၊ သီဆိုခဲ့သည့်၊ ၁၂ ရာသီ၊ ဆေးကိုမှီလေ့"ဟု ဖော်ပြထားပါသည်။

**စားသုံးသင့်သောဓာတ်စာများ**

ဆောင်းဥတုတွင် စားသုံးသင့်သော အစားအစာများကို ဖော်ပြရလျှင် သံပရာသီး၊ ရှောက်သီး၊ ဘူးရွက်၊ ကန်စွန်းရွက်၊ မုန်လာ၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ကျောက်ဖရုံ၊ ခဝဲ၊ ပုံလုံ၊ ကင်းပုံရွက်၊ ဆလတ်ရွက်၊ ကျီးအာရွက်၊ ကုလားမျက်စိ၊ ဟင်းနုနယ်၊ ကန့်ကလာ၊ သင်္ဘောသီးမှည့်၊ ကျွဲကော၊ လိမ္မော်၊ ကမ္ဘလာ၊ ရှောက်ချို၊ စပျစ်သီး စသည်တို့ဖြစ်ပါသည်။ စားသင့်သော အသား၊ ငါးများမှာ ငါးခူ၊ ငါးကြင်း၊ ငါးရံ့၊ ငါးသိုင်း၊ ဆိတ်သား၊ ကြက်သား စသည်တို့ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်၊ အသားငါးများကို အချိုသဘော၊ အချဉ်သဘော၊ အရည်သောက်သဘော ချက်စားသင့်ပါသည်။ ပြင်ပမှ အအေးဒဏ်ခံနိုင်စေရန် တပို့တွဲလပြည့်နေ့တွင် ထမနဲပွဲတော်များပြုလုပ်ပြီး ပူ၊ ဆိမ့် အရသာရှိသော ထမနဲကို ဓာတ်ခံအားကောင်းစေရန် ရာသီစာအဖြစ်လည်း စားသောက်ကြပါသည်။

**ရှောင်ကြဉ်သင့်သော အစားအသောက်များ**

ဆောင်းဥတုတွင် **ရှောင်ကြဉ်သင့်သော အစားအသောက်များမှာ** အပူအစပ်၊ အကြော်အလှော်၊ အခြောက်အခြမ်း၊ ဖန်၊ ဖွဲ့၊ ချူပ် စေတတ်သော အစားအစာများ၊ ရေခဲမုန့်၊ ငှက်ပျောသီးနှင့် သွေးတက်စေသည့် ဝက်သား၊ ဘဲသား၊ အမဲသားတို့ကို လွန်ကဲစွာ မစားရန်လိုပါသည်။ ဆေးကျမ်းများအလိုအရ ရာသီဥတုအလိုက် ဓာတ်အကြိုက်၊ အစားအာဟာရအပြင် မိမိ၏ မူလရုပ်ဓာတ်ခံကို ကြည့်၍ စားသုံးသင့်ပါသည်။ အအေးလွန်ကဲသော ရာသီတွင် အအေးမိခံခြင်း၊ ပန်ကာလေခံခြင်း၊ လေအေးပေးစက်ခံခြင်း၊ ရေအလွန်အကျွံချိုးခြင်းများ ရှောင်ကြဉ်ရပါမည်။

**လိုက်နာသင့်သည့်အချက်များ**

ဆောင်းဥတုတွင် **လိုက်နာသင့်သည့် အချက်များမှာ** အိပ်ရေးပျက်မခံရန် လိုပါသည်။ သို့သော် ဆောင်းကာလတွင် အအိပ်များလျှင် ရောဂါထူတတ်သည့်အတွက်လည်း လိုအပ်သည်ထက်ပို၍ မအိပ်စက်သင့်ပါ။ ဝမ်းချုပ်မခံခြင်း၊ လေစိမ်းတိုက်မခံခြင်းနှင့် ရေချိုးမမှားရန် အလွန်အရေးကြီးပါသည်။ နွေးနွေးထွေးထွေးနေရန် လိုအပ်ပါသည်။ အညောင်းအထိုင်မများရန် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန် အရေးကြီးပါသည်။ ငင်းအပြင် ဣရိယာပုတ်များ မျှတအောင် နေထိုင်သင့်ပါသည်။

အေးသောဥတုတွင် ခရီးသွားလာသည့်အခါ အေးသောလေ မတိုးရအောင် အအေးမမိအောင် နွေးထွေးသည့်အစီအမံများ ပြုလုပ်၍သွားရန် လိုပါသည်။ ငင်းအပြင် နံ့သာဖြူ၊ ကရမက်၊ အကျော် စသော အမွှေးနံ့သာတို့ကိုလည်း လိမ်းကျံသင့်ပါသည်။ အထူးသတိပြုရန်မှာ အအေးမမိအောင်နေပါ၊ အိပ်ရေးဝဝအိပ်ပါ၊ အာဟာရပြည့်ဝအောင်စားပါ။ အထက်ပါနည်းများအတိုင်းပြုမူနေထိုင်စားသောက်သွားပါက ဟေမန္တဟုခေါ်သည့် ဆောင်းဥတုကာလတွင် ရောဂါဘယ ကင်းကင်းရှင်းရှင်းနှင့် နေထိုင်သွားနိုင်မည်ဖြစ်၍ တိုင်းရင်းဆေးပညာအရ အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။ ॥

> ❝ဆောင်းဥတု အအေးနယ်တွင် လူများ၏ ကိုယ်ခန္ဓာတွင် အအေးအုပ်စိုးပါက ကျန်းမာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တွင်း၊ ကိုယ်ပ နှစ်ဌာနလုံး အပူချိန်လျော့ပါးနေရမည်ဖြစ်သည်။ ဆောင်းဥတုသဘောအရ လူများတွင်တွေ့နိုင်သော လက္ခဏာများမှာ ရေမငတ်ခြင်း၊ ချွေးမထွက်ခြင်း၊ ဆီးအရောင်ဖြူပြီးများခြင်း၊ အသားများပပ်၍ ကြမ်းပြီးခြောက်နေခြင်း၊ ကိုယ်သားကိုယ်ရေ ပူနွေးနေခြင်း၊ ပါစကဝမ်းမီးကောင်းသော ဥတုဖြစ်သောကြောင့် စားလိုက်သောအစားအသောက်များ စားသောက်ကောင်းခြင်း စသည့်လက္ခဏာများသည် ကျန်းမာသူတို့၏ လက္ခဏာများဖြစ်သည်။ ထိုကဲ့သို့မဟုတ်ဘဲ ဆောင်းဥတုတွင် ဆီးပူခြင်း၊ ဆီးဝါခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်သားကိုယ်ရေအေးခြင်း၊ ချွေးထွက်များခြင်း၊ ရေငတ်ခြင်း၊ အစားအသောက်ပျက်ခြင်းများတွေ့ရှိပါက မကျန်းမာသူတို့၏ လက္ခဏာများဖြစ်❞

> ❝ဆောင်းဥတုတွင် ဖြစ်ပွားတတ်သော ရောဂါများမှာ တုပ်ကွေး၊ အအေးမိနှာစေး၊ ချောင်းဆိုး၊ အဆုတ်ရောင်၊ သလိပ်ဖျား၊ ရင်ကျပ်ပန်းနာရောဂါ၊ ချမ်းဖျားတုန်ဖျား၊ အူရောင်ငန်းဖျား၊ ဝက်သက်ဖျား စသောရောဂါများ ဖြစ်ပွားတတ်ပါသည်။ ငင်းရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အေး၊ ချို၊ ချဉ်၊ ငန် အရသာရှိသော ဆေးဝါးအစာတို့ကို မှီဝဲသင့်ပါသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ငရုတ်သီးမထည့်ဘဲ ရှောက်သီးသုပ်၊ သံပရာရည်၊ ကြာဆံဟင်းခါး၊ ပတဲကောဟင်းချို၊ ကန်စွန်းရွက်ကြော် စသည်တို့ကို ချက်ပြုတ်စားသောက်သင့်❞

ကိုးကားကျမ်း
- ဥတုဘောဇနသင်္ဂဟကျမ်း/လက်တွေ့အသုံးချ မြန်မာ့နက္ခတ်ဆေးပညာကျမ်း
- အခြေခံ ကျန်းမာရေးဝန်ထမ်းများအတွက် အခြေခံတိုင်းရင်းဆေးပညာသင်တန်း လက်စွဲစာအုပ်
- တိုင်းရင်းဆေးကုဌာနသုံး ဆေးနည်းများစာအုပ်
- လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များ ပေါင်းချုပ်အတွဲ(၁)
- မြန်မာ့တိုင်းရင်းဆေးနှင့် တုပ်ကွေးရောဂါ လက်ကမ်းစာစောင်
- မြန်မာစကားပုံများစာအုပ်
- နရသုခိဆေးကျမ်း

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်တွင်းကြီးမြို့နယ် ကံလှကန်ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ



**တောင်တွင်းကြီး ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကံလှကန်ခေတ်မီစံပြကျေးရွာ ဒေသခံပြည်သူလူထုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်တွင်းကြီးမြို့နယ် ခေတ်မီစံပြကျေးရွာ (Smart Village) ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကံလှကန်ကျေးရွာနေ ဒေသခံပြည်သူများအနေဖြင့် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံမြှင့်တင်ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား(MSME)လုပ်ငန်းများအတွက် ရန်ပုံငွေများ ရင်းနှီးမတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် နည်းပညာပေးသင်တန်းများကိုလည်း တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းများအတွက် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ကျေးရွာအတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု(နိုင်/ထောက်) ရန်ပုံငွေဖြင့် ရင်းနှီးမတည်ဆောင်ရွက်ခဲ့သည့် ဇီဝဓာတ်ငွေ့ ဝင်ဆံ့ပမာဏ ၈၅ ကုဗပေ၊ နွားချေးဖျော်ရည်ဝင်ဆံ့ပမာဏ ၂၁၅ ကုဗပေရှိသော နေအိမ်သုံး ဇီဝဓာတ်ငွေ့ကန် တည်ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိပြီး ဇီဝဓာတ်ငွေ့ကန် တည်ဆောက်ထားရှိမှု၊ ထုတ်လုပ်မှု၊ လုပ်ဆောင်ပုံအဆင့်ဆင့်နှင့် အသုံးဝင်ပုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**



# မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်း ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်း(ထောက်ကြန့်လမ်းဆုံမှ မြို့ပတ်လမ်းအထိ) ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးလမ်းနှင့် မြို့ပတ်လမ်းဆုံအနီးဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ အခမ်းအနားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးလင်းခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ပေးသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်းသူရိယလှသောင်းကျောင်း)မှ ဘင်ခရာအဖွဲ့များအား စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးဗိုလ်ဌေးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ လုပ်ငန်းတာဝန်များတွင်ပါဝင်သောမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် လျာထားတင်ပြပြီး ဆောင်ရွက်လျက်ရှိရာ ယခု မင်္ဂလာဒုံမြို့နယ် ပဲခူးလမ်း (ထောက်ကြန့်လမ်းဆုံမှ မြို့ပတ်လမ်းထိ) သည် ရန်ကုန်မြို့သို့ လာရောက်သော အဓိကလမ်းမကြီးများတွင်ပါဝင်ပြီး လမ်းအသုံးပြုမှုသက်တမ်းကြာမြင့်နေပြီဖြစ်၍ အရှည်ပေ ၄၉၀၀၊ အကျယ် ၇၂ ပေရှိ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ချိုတေးဝေစည် ရခိုင်ပြည် တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသား တေးသံရှင်များက ပွဲစဉ်(၇)ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေ တင်ဆက်လျက်ရှိရာ ပွဲစဉ်(၆) "ချိုတေးဝေစည် ရခိုင်ပြည်" တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၃၁ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သီဆိုဖျော်ဖြေ တင်ဆက်မည်**

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် ရခိုင်တိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များ ဖြစ်ကြသည့် စန်းလွင်(ဒွါရာဝတီ)၊ ရီတ၊ ဇေယျာအောင်စိုးမိုး၊ ပြည့်ဖြိုးအောင်၊ မြတ်မင်းခေါင်၊ ခေတ်မင်းပိုင်၊ မေနှင်းသဇင်၊ လမင်းခင်၊ ခိုင်ဇင်ရွှေနှင့် စိုးယုနန္ဒာတို့က ရခိုင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအစဉ်အလာ၊ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများနှင့် ရှေးမူလက်ရာ မပျက် ထိန်းသိမ်းစောင့်ရှောက်ထားမှုများ၊ သဘာဝသယံဇာတ ပေါကြွယ်ဝမှု၊ စိမ်းလန်းစိုပြည်လှပသည့် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ကမ္ဘာကျော် ငပလီကမ်းခြေတို့၏ သဘာဝအလှအပများကို ပေါင်းစပ်ဖော်ကျူး ရေးစပ်ထားသည့် တေးသီချင်းကောင်းများကို ရခိုင်၊ ဗမာ နှစ်ဘာသာဖြင့် မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဖေဖော်ဝါရီ ၂ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




❂ **မြန်မာဖိုက်တာမှ**

မိုးထက်အောင်သည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင်လက်တွဲခဲ့ပြီး မတ် ၂၉ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 57 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တိုမိုယာ၊ ဇွန် ၁၄ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 67 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ ကာဇူကီတို့ကို အနိုင်ရထားသည်။ မြန်မာဖိုက်တာ အဲမ္ဗီသည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင်လက်တွဲခဲ့ပြီး ဩဂုတ် ၂၃ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 76 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တာကာဇိုနိုကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရသော်လည်း အောက်တိုဘာ ၂၅ ရက်က ထိုးသတ်သည့် ONE Friday Fights 84 ပြိုင်ပွဲတွင် ဂမ်ဘီယာဖိုက်တာ အိုမာကို အမှတ်ဖြင့် အရေးနိမ့်ထားသည်။ စူပါရေချမ်းသည် ONE နှင့် တစ်ပွဲသာထိုးသတ်ရသေးပြီး ထိုင်းဖိုက်တာ ဆူတင်ကို အမှတ်ဖြင့် အရေးနိမ့်ထားသည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ONE Championship**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသည့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၃၀၀၀၀ ကို ကျူးဘားနိုင်ငံ ဂွါတာနာမိုပင်လယ်အော်ရှိ အမေရိကန်အကျဉ်းသားထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်နိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူ ၃၀၀၀၀ ကို ကျူးဘားနိုင်ငံ ဂွါတာနာမိုပင်လယ်အော်ရှိ အမေရိကန် အကျဉ်းသားထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားသည်။

**ပြောကြား**

၎င်းရွှေ့ပြောင်းနေထိုင်သူများကို ထားရှိရန်အတွက် ဂွါတာနာမိုပင်လယ်အော်တွင် တည်ရှိသည့် အမေရိကန်အခြေစိုက်စခန်း အဆောက်အအုံများကို ပြန်လည်ပြင်ဆင်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားသည်။

အဆိုးဆုံးရာဇဝတ်သားများထားရှိရန်အတွက် ဂွါတာနာမိုရှိ အဆောက်အအုံများကို စတင်ပြင်ဆင်ရန် ကာကွယ်ရေးနှင့် အမိမြေလုံခြုံရေးဌာနအား ညွှန်ကြားမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားသည်။



ဂွါတာနာမိုပင်လယ်အော်ရှိ အမေရိကန် အခြေစိုက်စခန်းတွင် အကျဉ်းသားထိန်းသိမ်းရေးစခန်းတစ်ခုရှိသည်။

အမေရိကန်နိုင်ငံရှိ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ အကြမ်းဖက်တိုက်ခိုက်ခံရသည့် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်းတွင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် နိုင်ငံခြားသား ရာဇဝတ်သားများကို ဂွါတာနာမိုရှိ အကျဉ်းသားထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်ခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားသည်။

ထရမ့်အစိုးရသည် နိုင်ငံတစ်ဝန်းရှိ ရာဇဝတ်မှုမှတ်တမ်းများနှင့်အတူ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို နှိမ်နင်းရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ ထိုးစစ်ဆင်တိုက်ခိုက်မှုအပေါ် ဆန့်ကျင်သည့် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့သည့် နိုင်ငံတကာ ကျောင်းသားများကို ပြည်နှင်ဒဏ်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်ဒေသတွင်း မီဒီယာများက သတင်းဖော်ပြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဟားမတ်စ်အဖွဲ့က အစ္စရေးအမျိုးသမီးစစ်သည်တစ်ဦးအပါအဝင် ဓားစာခံရှစ်ဦးအား ယနေ့ ပြန်လည်လွှတ်ပေး

**ဂါဇာစီးတီး ဇန်နဝါရီ ၃၀**

ဟားမတ်စ်အဖွဲ့က အစ္စရေး အမျိုးသမီးစစ်သည် တစ်ဦး အပါအဝင် ဓားစာခံရှစ်ဦးအား ဂါဇာကမ်းမြောင်ဒေသရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ထံ ယနေ့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

၎င်းဓားစာခံရှစ်ဦးမှာ အစ္စရေး သုံးဦးနှင့် ထိုင်းငါးဦးတို့ဖြစ်ကြောင်း သိရသည်။

အစ္စရေး ဓားစာခံနှစ်ဦးသည် အာဘဲလ်ယီဟူးနှင့် ဂါဒီမိုဇစ်တို့ဖြစ်ပြီး အစ္စရေးအမျိုးသမီးစစ်သည်မှာ အဂမ်ဘာဂါဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေး တပ်မတော်သည် အပြန်အလှန်အားဖြင့် ပါလက်စတိုင်းအကျဉ်းသား ၁၁၀ ကို တတိယအသုတ်အဖြစ် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဂါဇာ ကမ်းမြောင်ဒေသ၌ ဇန်နဝါရီ ၁၉ ရက်မှ စတင်သည့် ရက်သတ္တခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ စုစုပေါင်း ဓားစာခံ ၃၃ ဦးကို လွှတ်ပေးမည်ဟု ဟားမတ်စ်က ကတိပြုခဲ့သည်။

လက်ရှိအချိန်အထိ ဓားစာခံအမျိုးသမီးခုနစ်ဦးကို လွှတ်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် အစ္စရေးတပ်မတော်သည် ပါလက်စတိုင်းအကျဉ်းသား ၂၉၀ ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့ (UNRWA) ၏ လုပ်ငန်းလည်ပတ်မှုကို တားမြစ်ပိတ်ပင်သည့် အစ္စရေးအစိုးရ၏ ဥပဒေသစ်သည် ဇန်နဝါရီ ၃၀ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။

အဆိုပါ ဥပဒေထွက်ပေါ်လာခြင်းကြောင့် ဂါဇာကမ်းမြောင်နှင့် အခြားဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများ လျော့ပါးသွားနိုင်ကြောင်း နိုင်ငံတကာအသိုက်အဝန်းက စိုးရိမ်ပူပန်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




## အာဖရိကဒေသတွင် ပြည်သူ့ကျန်းမာရေးစနစ် မြှင့်တင်ရန်လိုအပ်နေကြောင်း တာဝန်ရှိသူများပြောကြား

**အဒစ်ဘာဘာ ဇန်နဝါရီ ၃၀**

အာဖရိကဒေသတွင် အီဘိုလာ၊ မျောက်ကျောက်စသော ကူးစက်ရောဂါများ ပြန်လည်ဖြစ်ပွားနေမှုအရ ၎င်းဒေသရှိဒေသခံများ ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ရေရှည်တည်တံ့သော ရန်ပုံငွေ၊ ရပ်ရွာလူထုပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ဒေသ၏ပြည်သူ့ကျန်းမာရေးစနစ်မြှင့်တင်ရန် လိုအပ်နေကြောင်း ကင်ညာနိုင်ငံ မွန်ဗာဆာတွင်ကျင်းပသည့် အရှေ့အာဖရိကဒေသဆိုင်ရာ ကျန်းမာရေးထိပ်သီးဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။ .

အာဖရိကဒေသတွင် ရာသီဥတုပြောင်းလဲမှုနှင့် လေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်ပွားမှုများ ထပ်မံတွေ့ရှိနေရကြောင်း ၎င်းထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။

ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် ၎င်းထိပ်သီးဆွေးနွေးပွဲတွင် ဒေသတွင်း ကူးစက်ရောဂါများအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုတိုးမြှင့်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဇီဝလုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာ တန်းတူညီမျှမှုကိုမြှင့်တင်ရန်နှင့် ကျန်းမာရေးကဏ္ဍတွင် နည်းပညာနှင့်တီထွင်ဆန်းသစ်မှုများကို မြှင့်တင်ရန် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ရပ်ရွာအခြေပြုကူးစက်ရောဂါစောင့်ကြည့်မှုကိုမြှင့်တင်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အာဖရိကဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုမြှင့်တင်နိုင်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဝင်ခွင့်လက်မှတ်ရောင်းချသည့်စက်များ တပ်ဆင်

**ဖနောင်ပင် ဇန်နဝါရီ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားများလည်ပတ်ရာနေရာဖြစ်သည့် အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဝင်ခွင့်လက်မှတ်များအား လာရောက်လည်ပတ်သူကိုယ်တိုင်ဝယ်ယူနိုင်သည့် လက်မှတ်ရောင်းချစက်များကို ယနေ့တွင် အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တရားဝင်စတင်တပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုကဲ့သို့ ဝင်ခွင့်လက်မှတ်ရောင်းချစက်များ တပ်ဆင်လိုက်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွက် ဝင်ငွေတိုးတက်ရရှိစေခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် နက်ဆာဗိုအန်က ပြောကြားသည်။ မိုဘိုင်းဖုန်းများရှိ အန်ကောဝပ်လုပ်ငန်းအပလီကေးရှင်း၊ အင်တာနက် ဝက်ဘ်ဆိုက်နှင့် လက်မှတ်ရောင်းချသည့် ရုံးများမှလည်းဝယ်ယူနိုင်ကြောင်း သိရသည်။ ယမန်နှစ်အတွင်း အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်ပခရီးသွား ၁ ဒသမ ၀၂ သန်းလာရောက်ခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၄၇ ဒသမ ၈ သန်းရရှိခဲ့သည်။ **ကိုးကား –ဆင်ဟွာ၊ဘာသာပြန် – စိုးသူရ**

## အမေရိကန်နိုင်ငံ၌ ခရီးသည်တင်လေယာဉ်နှင့် စစ်ရဟတ်ယာဉ်တစ်စင်း တိုက်မိမှုဖြစ်ပွား

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အမေရိကန်နိုင်ငံ၏မြို့တော် ဝါရှင်တန် ဒီစီအနီးတွင် အမေရိကန် ပီအက်စ်အေ လေကြောင်းလိုင်းမှ ခရီးသည်လေယာဉ် တစ်စင်းနှင့် အမေရိကန်စစ်ရဟတ်ယာဉ် တစ်စင်းတို့ တိုက်မိပြီး ပိုတိုမက်စ်မြစ်အတွင်းသို့ ပျက်ကျကာ လေယာဉ်နှစ်စင်းစလုံး နစ်မြုပ်သွားခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

လက်ရှိအချိန်အထိ ရုပ်အလောင်း ၃၀ ကျော်ကို ဆယ်ယူရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရှာဖွေကယ်ဆယ်ရေးဝန်ထမ်းများသည် ရေခဲတမျှအေးစက်သည့် ပိုတိုမက်စ်မြစ်အတွင်း၌ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းသုံးဦးပါရှိပြီး ခရီးသည်လေယာဉ်ပေါ်တွင် ၆၄ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားသည့်မတော်တဆမှုအတွင်း အသက်ရှင်သန်သူ တစ်ဦးမျှမရှိနိုင်သည်မှာ ယုံကြည်နိုင်ဖွယ်မရှိကြောင်း ဝါရှင်တန် မီးသတ်ဌာနအကြီးအကဲ ဂျွန်ဒွန်နီလီက ပြောကြားသည်။

ဖြစ်စဉ်မှာ ခရီးသည်လေယာဉ်သည် ဇန်နဝါရီ ၂၉ ရက် ညပိုင်းအချိန်တွင် ရောနယ်လ်ရေဂင်လေဆိပ်သို့ ဆင်းသက်စဉ် စစ်ရဟတ်ယာဉ်တစ်စင်းဖြင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဖက်ဒရယ်လေကြောင်းအရာရှိများက ပြောကြားသည်။

ခရီးသည်လေယာဉ်သည် အမေရိကန် ပီအက်စ်အေ လေကြောင်းလိုင်းမှဖြစ်ပြီး ကန်ဆာစ်ပြည်နယ် ဝီချီတာမြို့မှ ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။ UH–60 Black Hawk အမျိုးအစား စစ်ရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှု ဆောင်ရွက်နေကြောင်း သိရသည်။ ခရီးသည်လေယာဉ်ပေါ်တွင် စကိတ်သမားများ၊ နည်းပြများနှင့် ၎င်းတို့၏မိသားစုဝင်များ ပါဝင်ကြောင်း အမေရိကန် အမျိုးသား စကိတ်စီးအဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားသည့်အချိန်သည် ညအချိန်ဖြစ်သော်လည်း ရာသီဥတုသာယာကောင်းမွန်သည့်အတွက် မတော်တဆမှုကို အချိန်မီ တားဆီးသင့်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကသူ၏ အင်တာနက်စာမျက်နှာတွင် ရေးသားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။


အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၇၉၈၁၉၈၅၃ကျပ်) ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၀၀၀၀)ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၅၆၃၀၉၈၅၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇန်နဝါရီ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် ကျွန်းတောကျေးရွာအနီး၌ တရားမဝင်ကျောက်စုပ်ရှာဖွေရာတွင် အသုံးပြုသည့် ကျောက်စုပ်ရေယာဉ် ၁၁ စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၅၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင် စကုမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၇၅၀၀၀၀ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇန်နဝါရီ ၂၉ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၅၂၆တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၅၆၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ကျားပါးစပ်လမ်းရှိ တံတားတိုဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ လာဂမ်ုတိုးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် ယာဉ်နှစ်စီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၇မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၆၅၁၉၇၅၆၈ကျပ် )နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux နှစ်စီး၊ Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၆၁၁၉၇၅၆၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၉၉၀၃၇၀၉၈၁ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ညောင်ရွှေမြို့နယ် ရေပူရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရေပူရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ်တစ်လုံးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ် မဟုတ်သည့် ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ မည်သည့်ပစ်ခတ်မှုမှ လုပ်ဆောင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ် အမျိုးမျိုးတပ်၍ အကြောက်တရားများ လွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများဖြင့်ပစ်ခတ်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာမှ နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်း ဖြစ်ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁-၂၀၂၅ သောကြာနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် 'ထိန်းသိမ်းလို့ကာကွယ်ပါ...သဘာဝ၏ ရတနာအင်းလေးကန်သာ'
၀၉:၃၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ လူမှုစီးပွားသတင်းများ
၁၁:၁၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် 'ရှမ်းခေါက်ဆွဲချက်နည်း' (ရှမ်း)
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၅)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၁၀)
၁၄:၄၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် 'ခေတ်သစ်ရှမ်း၊ တိုင်းလုံ၊ ပအိုဝ်းရှမ်း၊ ဝုံးရှမ်း၊ တိုင်းနေတို့၏ဝတ်စားဆင်ယင်မှု'
၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
၁၆:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်
၁၇:၀၅ Weekly Sports Info
၁၇:၂၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
၁၇:၃၀ ဂျာသီစာမှသည်...ဈေးကွက်ဝင်စားဖွယ်ဆီ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၁၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ချိုတေးဝေစည်ရခိုင်ပြည်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:10 The Lapidarist
07:25 The Recycle Art: Tyre
07:41 Khema Yama Nunnery School
08:01 News
08:26 Asia Updates; Valley of hornets
08:33 Attractive New Destinations of Bagan
08:56 K- Pop Live Show (Buy or not buy)
09:01 Traditional Myanmar Theatrical Performance (Traditional Rakhine, Mon & Kayin Done
09:20 Htan Taw Drums (Part-II) "Dobat"
09:37 Innovative Handiworks Based On The Art Of Line Drawing
10:01 News

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဗိုင်ဝါးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
မြင်တွေ့စေချင်ကယားတို့ဌာနေ (ကယန်းတိုင်းရင်းသားတို့ စံပျော်ရာပန်ပက်ရွာ)
**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်နည်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းတောင်က နွားနောက်များအကြောင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မော်လမြိုင် မုန့်ဟင်းခါး
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ဘာလိုက်ဂူ
**ဝ (၂၁:၀၀ မှ ၂၂:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံဆိုင်ရာ အခေါ်အဝေါ်များ)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် 'ချိုတေးဝေစည်ရခိုင်ပြည်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၄၅ Soccer View
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၄၅ ရသစုံစွာဤမြေကမ္ဘာ
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူချင်းအတူတူ'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၉)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး စတော်ဘယ်ရီသီးရဲ့အာနိသင်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ First Ever Tour of My New Garden
၁၉:၂၀ Massive green bean harvest from the front yard trilles
၁၉:၄၅ International Music Hits
၂၀:၀၀ ၃၉ ဗိုက်ပူ (ဇာတ်လမ်း)
၂၂:၀၀ The Father (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၇:၀၀ အားကစားသတင်း
၀၇:၄၀ Soccer View
၁၅:၀၀ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Myawady FC Vs Yagon United)

Scan Here
MRTV  MRTV  MRTV Radio  MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်စီ ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ဓမ္မာရုံတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အိမ်ရာခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များ တက်ရောက် ကြသည်။



**ပေးအပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဆိုပါ အိမ်ရာ၌ ဓမ္မာရုံဆောက်လုပ်ရန်အတွက် အလှူငွေများနှင့် ဘိလပ်မြေအိတ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့ မင်းကျန်စစ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ ချပြရှင်းလင်းခြင်း အခမ်းအနားကျင်းပ



ပြင်ဦးလွင် ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများ ချပြရှင်းလင်းခြင်းအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်တို့က စစ်မှုထမ်းဥပဒေ/ နည်းဥပဒေနှင့်ပတ်သက်၍ ချပြရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၃၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးရပ် မြို့ပတ်(၁)လမ်းတွင် မင်းထက်အောင်(ခ) ဘေးနေဒစ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၉၉၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ညနေ ၅နာရီတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု မယင်းငယ်ဖျားကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ညနေ ၆ နာရီတွင် မြိတ်မြို့နယ်ပသောင်းကျေးရွာအုပ်စု တောင်ပုလဲကျေးရွာနေ နိုင်ရွှေမန်း(ခ) နောင်မန်းအား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သူရဇော် (ခ)အောင်ရဲလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၃ နာရီတွင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် ရွှေဖူးမျှော်လမ်းရှိ ၎င်း၏နေအိမ်တွင် ဝေယံအောင်(ခ) သဘော်သီးအား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ ညနေ ၄ နာရီတွင် သာကေတမြို့နယ် (၂/တောင်) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်ကျော်ဆန်း(ခ)ဖြိုးကိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



ထွန်းဇော်မြင့်(ခ)လူဇော်နှင့် ဇော်လင်း(ခ)ငဇော် တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် နံနက် ၈ နာရီခွဲတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု ရေယားကျေးရွာအနီးတွင်ထွန်းဇော်မြင့်(ခ)လူဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ဇော်လင်း(ခ) ငဇော်အား တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၅)ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညိုမြို့ရှိ မြို့မဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

မိုးညို ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇောတိကရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သက်သက်မာနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ရဲအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းကာ မီးသတ်ယာဉ်များဖြင့် သရုပ်ပြရေဖျန်းမီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသခြင်းများဆောင်ရွက်ခဲ့သည်။

အဆိုပါ မြို့မဈေးမီးဘေးလုံခြုံရေးသရုပ်ပြခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



**○ ဂျီရိုနာမှ**

ဆလိုဗန်အသင်းကို သုံးဂိုး–တစ်ဂိုး၊ ဒေ့ါမွန်အသင်းက ရှက်တာဒိုးနက်စ်ခ်အသင်းကို သုံးဂိုး–တစ်ဂိုး၊ ရီးယဲလ်မက်ဒရစ်အသင်းက ဘရက်စ်အသင်းကို သုံးဂိုး–ဂိုးမရှိ၊ ဒိုင်နမိုဇာဂရက်အသင်းက အေစီမီလန်အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ အင်တာမီလန်အသင်းက မိုနာကိုအသင်းကို သုံးဂိုး–ဂိုးမရှိ၊ ဘင်ဖီကာအသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ လိုင်လီအသင်းက ဖီယင်နုအသင်းကို ခြောက်ဂိုး–တစ်ဂိုး၊ မန်စီးတီးအသင်းက ကလပ်ဘရုဂျ်အသင်းကို သုံးဂိုး–တစ်ဂိုး၊ ပီအက်စ်ဗွီအသင်းက လီဗာပူးအသင်းကို သုံးဂိုး–နှစ်ဂိုး၊ အက်သလက်တီကိုမက်ဒရစ်အသင်းက ဆဲလ်ဘတ်အသင်းကို လေးဂိုး–တစ်ဂိုး၊ ပီအက်စ်ဂျီအသင်းက စတုဂတ်အသင်းကို လေးဂိုး–တစ်ဂိုး၊ ရက်စတားအသင်းက ယန်းဘွိုင်းစ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ စတမ်းအသင်းက လိုက်ပ်ဇစ်အသင်းကို တစ်ဂိုး–ဂိုးမရှိ စသဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး ဘာစီလိုနာအသင်းနဲ့ အတ္တလန္တာအသင်းတို့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေ၊ စပို့တင်းအသင်းနဲ့ ဘိုလော့ဂ်နာအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ စသဖြင့် အသီးသီး ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အတ္တလန္တာအသင်းနဲ့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပြီး အတ္တလန္တာအသင်းကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲနောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိရေးအတွက် စပို့တင်းအသင်း သို့မဟုတ် ကလပ်ဘရုဂျ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေတာဖြစ်ပါတယ်။

**ငွေကြယ်**

# (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ဟားခါး ဇန်နဝါရီ ၂၀**

(၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅)ကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးဦးစီးကော်မတီနာယက ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကျင်းပရန် သုံးပတ်ခန့်သာကျန်တော့သဖြင့် ကျန်ရှိသည့် အချိန်ကာလအတွင်း ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများအနေဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ချင်းအမျိုးသားရေးနှင့်ပတ်သက်သည့် အခမ်းအနားဖြစ်သဖြင့် အလေးနက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ညီအစ်ကိုမောင်နှမစိတ်ထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း ရန်ပုံငွေများသုံးစွဲရာတွင် စိစိစစ်စစ်သုံးစွဲကြရန်နှင့် စာရင်းစစ်ခံနိုင်အောင် သုံးစွဲကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသိန်းထွန်းအောင်က ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်နှင့်ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်တို့က အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ပြည်နယ်ပညာရေးမှူးရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ

**စစ်တွေ ဇန်နဝါရီ ၂၀**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်ပညာရေးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



**ဆောင်ရွက်ကြရန်လို**

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက မိမိတို့နိုင်ငံ၏ ပညာရေးစနစ်သည်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နေသည့်အတွက်ကြောင့် ပညာရေးကဏ္ဍတွင် များစွာရင်းနှီးမြှုပ်နှံကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပညာရေးတိုးတက်မြင့်မားစေရန်အတွက် သင်ကြားရေးလုပ်ငန်းတွင် သင်ကြားနေကြသည့် ဆရာ ဆရာမများ၏ ပညာသင်ကြားနိုင်ရေးလုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးလုပ်ငန်းများကို ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ လာမည့်တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရန်အတွက် ရုံးဝန်ထမ်းများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မည်သည့်တာဝန်ကိုထမ်းဆောင်စေကာမူ မိမိတို့၏လုပ်ငန်းတာဝန်ကို ဝိုင်းဝန်းပူးပေါင်းကာ စေတနာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး ဝန်ထမ်းလုံခြုံရေး၊ ရုံးလုံခြုံရေးနှင့် ရုံးစာရွက်စာတမ်းများ လုံခြုံရေးတို့ကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ပြည်နယ်ပညာရေးမှူးက ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရုံးအတွင်းဝန်ထမ်းများက မိမိတို့၏ ရုံးလုပ်ငန်းများ လုပ်ဆောင်နေမှုနှင့် ရုံးသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး မီးသတ်အုတ်ရေလှောင်ကန်များ စစ်ဆေးခြင်းနှင့် ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်



**တပ်ကုန်း ဇန်နဝါရီ ၂၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့ဖြင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်များအတွင်းရှိ ဂါလန် ၄၀၀၀ ဆံ့ မီးသတ်အုတ်ရေလှောင်ကန်များ ပျက်စီးယိုယွင်းမှု ရှိ၊ မရှိနှင့် ရေဖြည့်တင်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆရာစံရပ်ကွက်၌ စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ဦးဆောင်၍ မြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်ဝန်ထမ်းများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မီးသတ်ရေကန်သို့ သွားလာရာ လမ်းကြောင်းတစ်လျှောက် မီးသတ်ယာဉ်များ သွားလာရေး အဆင်ပြေစေရန် လမ်းကောင်းမွန်ရေး၊ လမ်းနှင့် မလွတ်ကင်းသည့် လျှပ်စစ်မီးကြိုးများမရှိစေရေးနှင့် မီးသတ်ရေလှောင်ကန်များ အသင့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး မီးသတ်ရေကန်များကို မီးသတ်ယာဉ်များဖြင့် ရေများ ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**ထားဝယ် ဇန်နဝါရီ ၂၀**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းနေအရွယ် ကလေးများ အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်ပိုင်းက မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းတွင်း အာဟာရကျွေးမွေးကြသည်။

**အသိပညာပေး**

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇင်မာစိုးနှင့် ဆရာ ဆရာမများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာမများနှင့် တာဝန်ရှိသူများက ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် အာဟာရပြည့်ဝမျှတပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရများကို ချက်ပြုတ်ပြင်ဆင်၍ ကလေးငယ်များအား တာဝန်ရှိသူများက ရှင်းလင်း အသိပညာပေးပြီး နေ့လယ်စာ ထမင်း၊ ကြက်သားနှင့် အာလူး၊ ရွှေဖရုံသီးကြော်၊ ပဲဟင်းနှင့် ငှက်ပျောသီးတို့ဖြင့် အာဟာရမျှတစွာ ကျွေးမွေးခဲ့ကြသည်။



ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် ထားဝယ်မြို့နယ်ရှိ အခြေခံကျောင်းပေါင်း ၁၀ ကျောင်းမှ KG ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် အာဟာရ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်း တစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ အော်လေလေရေသန့်စက်ရုံအား ကြည့်ရှုစစ်ဆေးပြီး တရုတ်နှစ်သစ်ကူးပွဲတော်အား တက်ရောက်အားပေး

မြစ်ကြီးနား ဇန်နဝါရီ ၃၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၂၀၂၄ ခုနှစ် ဇွန် ၃၁ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ဧရာဝတီမြစ်ရေစံချိန်တင်မြစ်ရေကြီးမြင့်မှု ဖြစ်ပေါ်ခဲ့သဖြင့် မြို့ဧရိယာ ၄၀ ရာခိုင်နှုန်းအထိ ရေကြီးနစ်မြုပ်ခဲ့သောကြောင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုမှ ကြိုတင်ကာကွယ်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ယနေ့နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ရေကာတာနှင့် ရေတားတမံတည်ဆောက်ရေးကော်မတီနာယကက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးက မြစ်ရေကြီးမြင့်မှုမှ ကာကွယ်ရေးဆိုင်ရာ နေပြည်တော်အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုသုံးသပ်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လမ်းညွှန်မှာကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိန်လွင်နှင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော်ဦးတို့က ရေကြီးရေလျှံမှုကြောင့် မြစ်ကြီးနားမြို့မြစ်ရေဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေး ရေထိန်းတံခါး၊ ရေလျှံတားနံရံ၊ ကျောက်စီမြေထိန်းတမံများနှင့် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အစီအမံများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသည့် ဦးစားပေးလုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ တပ်ကုန်း(စံပြ)ရပ်ကွက်အတွင်း အသစ်တည်ဆောက်ပြီးစီးသည့် ပုဂ္ဂလိကပိုင် "အော်လေလေ" ရေသန့်စက်ရုံသစ်သို့ သွားရောက်ပြီး စက်ရုံသစ်အတွင်း အဆင့်မြင့်စက်ကြီးများတပ်ဆင်၍ ရေသန့်ထုတ်လုပ်နေမှု၊ ရေသန့်ဘူးများထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များ ကူညီပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်းရှိ လုံဂါဘာစားသောက်ဆိုင်၌ ကျင်းပသည့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နှစ်သစ်ကူးအထိမ်းအမှတ်ညစာကို အတူတကွ ရင်းနှီးချစ်ခင်စွာသုံးဆောင်ကြကာ တရုတ်ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဟိုပုံးမြို့နယ်၌ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ



ဟိုပုံး ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ လုပ်ငန်းထူထောင်မည့်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာခြောက်ရွာ၌ လျာထားအကောင်အထည်ဖော်လျက်ရှိရာ ဘဏ္ဍာငွေသုံးစွဲမှုအနေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၂ သန်းနှုန်းဖြင့် ကျေးရွာခြောက်ရွာအတွက် ငွေကျပ် ၇၂ သန်းသုံးစွဲမည်ဖြစ်ကြောင်း၊ ယခုနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒေသအလိုက် ဟိုပုံးမြို့နယ်မှ သုံးခု၊ ဆီဆိုင်မြို့နယ်မှ တစ်ခု၊ ပင်လောင်းမြို့နယ်မှ နှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခမ်းအနားတွင် စီမံကိန်းသင်တန်းခြောက်ခုမှ လုပ်ငန်းထူထောင်လုပ်ကိုင်မည့် ထူးချွန်သင်တန်းသား ၃၀ အတွက် လုပ်ငန်းသုံးပစ္စည်းအမယ် ၁၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်းအရေအတွက် ၆၀ ကို ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်၊ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုးနိုင်ထူးတို့က ဟိုပုံးမြို့ အရှေ့ရပ်ကွက်မှ လူငယ်များအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး စီမံကိန်းအစီအစဉ်ဖြင့်ဆောင်ရွက်သည့် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ ဟိုပုံးမြို့ အရှေ့ရပ်ကွက်မှ အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် စက်ချုပ်နည်းပညာသင်တန်း၊ ဟိုပုံးမြို့ ရန်ကင်းကျေးရွာမှ ဒေသတစ်ခု ထုတ်ကုန်တစ်ခုဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့်သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဆီဆိုင်မြို့နယ် ဘုရားဖြူကျေးရွာမှ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးစီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ ပင်လောင်းမြို့နယ် ဘုရားကုန်းကျေးရွာမှ အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ ပင်လောင်းမြို့နယ် နောင်မွန်းကျေးရွာမှ အစားထိုးအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းတို့မှ သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကျောက်တံခါးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

ကျောက်တံခါး ဇန်နဝါရီ ၃၀

ပဲခူးတိုင်း ဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက သစ်တောဦးစီးဌာန ရဲနွယ်သစ်တော ပျိုးဥယျာဉ်၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းပိုင်က သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတ ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောအုပ်ကြီး ဦးထွန်းထွန်းလင်းက မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်( ပြန်/ဆက်)

# ကလေးဝမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြော

ကလေးဝ ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့တွင် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲက ပြုလုပ်သည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင်သစ်တောဦးစီးဌာနဦးစီးအရာရှိဦးဖိုးဆောင်းက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးအကြောင်းအရာများ၊ တောအုပ်ကြီး ဦးတင်ထွန်းက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရာဇာဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူငယ်များ၏အခန်းကဏ္ဍကို အသိပညာပေးဟောပြောပြီး ထိုင်းနိုင်ငံ သံရုံးမှ ပေးပို့သော မမြင်နိုင်သောလူသတ်သမား (PM 2.5) အကြောင်း သိကောင်းစရာဗီဒီယိုကို ပြသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကိုယ့်ပစ္စည်း ကိုယ်နှမြောတာ

**ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ**

(၂၃-၁-၂၀၂၅ ရက်နေ့မှအဆက်)

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ်တွေကို တိုးပွားအောင် ထပ်ပြန်တလဲလဲ ကြိုးစားကြစေချင်ပါတယ်။

သံသရာခရီးသွားနေကြတဲ့ လူတွေချင်း အတူတူ သူတော်ကောင်းကြီးတွေက နိဗ္ဗာန်ရောက်တဲ့အထိ အဲဒီလို စိတ်ဓာတ်ကောင်းအထုပ်တွေကို ကြီးပွားအောင် တိုးပွားအောင် ကြိုးစားပြီး နည်းအမျိုးမျိုးနဲ့ ထုပ်ယူသွားတော်မူကြပါတယ်။

အဲဒီလို ကြိုးစားအားထုတ်တာကို ဘာဝနာအလုပ် အားထုတ်တယ်ခေါ်ပါတယ်။ မိမိတို့လည်း ဒါနရိက္ခာထုပ်၊ သီလရိက္ခာထုပ်၊ ဘာဝနာရိက္ခာထုပ်တွေကို ထုပ်ယူတော်မူကြပါ။

မိမိတို့တစ်တွေ ကုသိုလ်ဖြစ်ကြောင်း အလုပ်ဆယ်မျိုးကို တစ်မျိုးမကတစ်မျိုး ကြိုးစားပြုလုပ်ရင်းနဲ့ လမ်းခရီးရိက္ခာထုပ်တွေကို ထုပ်ယူသွားကြရမှာပါ။ "ဘာဖြစ်လို့လဲ" လို့မေးရင် "နိဗ္ဗာန်ရောက်အောင်ထိ ခရီးသွားနေရတဲ့ ဧည့်သည်ဖြစ်နေလို့" နဲ့ "သံသရာမှာ အထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ ဧည့်သည်အဖြစ်နေထိုင်ပြီး နိဗ္ဗာန်အိမ်ပိုင်ကို ရရှိနိုင်ဖို့" လို့ ဖြေရပါလိမ့်မယ်။

ဘာဝနာအထုပ်ကို သေသေချာချာ အားထုတ်ကြစေချင်ပါတယ်။ ရိက္ခာထုပ်အနေနဲ့ထုပ်ပြီး ယူသွားကြစေချင်ပါတယ်။

ဘာဝနာအထုပ်ကလည်း နှစ်မျိုးရှိပါတယ်။ စိတ္တဘာဝနာ သမထအလုပ်လုပ်ရင်းနဲ့ ထုပ်တာရယ်၊ ပညာဘာဝနာ ဝိပဿနာအလုပ်လုပ်ရင်းနဲ့ ထုပ်တာရယ်လို့ နှစ်မျိုးရှိပါတယ်။

သမထအလုပ်နဲ့ ဝိပဿနာအလုပ်က လုပ်ငန်းမတူသလို အကျိုးပေးလည်း မတူပါဘူး။

သမထအလုပ်က စိတ္တဘာဝနာဆိုတဲ့အတိုင်း စိတ်ဓာတ်ကောင်း အင်အားတွေ တိုးပွားစေပါတယ်။ စိတ်ငြိမ်းအေးမှုကို ရရှိစေနိုင်ပါတယ်။ ဝိပဿနာအလုပ်က ပညာဘာဝနာဆိုတဲ့အတိုင်း အသိဉာဏ်ပညာတွေ တစ်မျိုးမကတစ်မျိုးရရှိပြီး အသိဉာဏ်ပညာတွေ အဆင့်ဆင့် တိုးပွားလာစေနိုင်ပါတယ်။ အသိဉာဏ်ပညာတွေ တိုးလာတဲ့အတွက်လည်း ယောဂီတိုင်းဟာ အမှား၊ အမှန်ကို ခွဲခြားသိမြင်တဲ့အတွက် အမှားကင်းလာပါတယ်။ ကောင်းတဲ့စိတ်ဓာတ်တွေကနေ မှန်ကန်တဲ့စိတ်ဓာတ်တွေ တိုးလာစေပါတယ်။

ယုတ်ညံ့မှု၊ မြင့်မြတ်မှုကို ခွဲခြားပြီး နားလည်တဲ့ အသိဉာဏ်ဖြစ်ပေါ်လာခဲ့ရင် ကောင်းတဲ့စိတ်ဓာတ်ကနေ မှန်တဲ့စိတ်ဓာတ်၊ မှန်ကန်တဲ့စိတ်ဓာတ်ကနေ မြင့်မြတ်တဲ့စိတ်ဓာတ်တွေကို ကူးပြောင်းသွားစေနိုင်ပါတယ်။

မြင့်မြတ်တဲ့စိတ်ဓာတ်ရှိလာတဲ့ သူတော်ကောင်းကို မြင့်မြတ်တဲ့ပုဂ္ဂိုလ် အရိယာလို့ခေါ်ဆိုနိုင်ပါတယ်။ အကြမ်းအားဖြင့်ကတော့ သမထက သတ်မှတ်ထားတဲ့ အလေ့အကျင့် ပြုလုပ်ရပါတယ်။ ကမ္မဋ္ဌာန်းအာရုံကို ဂရုစိုက်ရပါတယ်။



ဝိပဿနာကတော့ အာရုံတစ်ခုတည်းကို ဂရုစိုက်တာ မဟုတ်တော့ပါဘူး။ ပရမတ်အာရုံမျိုးစုံနဲ့စိတ်တို့ ဓမ္မသဘာဝအတိုင်း ဆုံခိုက်မှာ အသိဉာဏ်ပညာ ဖြစ်ပေါ်နေတဲ့သဘောပါပဲ။ ဒါကြောင့်မို့ ဘာဝနာအထုပ်အတွက် သတိတွေ၊ ဉာဏ်တွေရှိဖို့ ကြိုးစားကြပါလို့ ပြောနေရတာပါ။

ဝိပဿနာအလုပ်ဆိုတာ စိတ်သဘာဝအတိုင်း အာရုံများလေလေ သတိဉာဏ် ပိုကောင်းလေလေ။ အာရုံတစ်ခုတည်းကို ရှုနေရင် အဲဒါသမထ။ အာရုံကို စိုက်စိုက်စူးစူး ရှုတာဟာ သမထပါ။ ပေါ်ရာပေါ်ရာ ထင်ရှားရာ၊ ကြားရာ ကြားရာ ထင်ရှားရာ၊ မြင်ရာ မြင်ရာ ထင်ရှားရာ၊ အဲဒါကို ရှုတတ်မှ ဝိပဿနာ။ အဲဒီလို မရှုတတ်သေးဘူးဆိုရင် 'ငါ ဝိပဿနာ မရှုတတ်သေးပါလား'လို့ ဆုံးဖြတ်ချက်ချပြီး ဝိပဿနာဖြစ်အောင် ကြိုးစားစေချင်ပါတယ်။

ရှုတတ်ရမယ်။ သတိထားရမယ်။ သတိထားရာမှ သတိရှိရမယ်။ သတိရှိတဲ့အခါ ဉာဏ်ပညာပေါ်ရမယ်၊ အဲဒီအခါ ပေါ်လာတဲ့ဉာဏ်နဲ့ ကြည့်ရမယ်။ အဲဒါမှ ဝိပဿနာဖြစ်ပြီး သူတော်ကောင်းဓာတ်တွေ ကိန်းတယ်။

ဒီနေရာမှာတော့ အဓိကအားဖြင့် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးအကြောင်းကို ကြားသိရပြီး အားကျစေချင်လို့၊ အတုယူစေချင်လို့ ပြောပေးတာပါ။ ဒီနေရာမှာ စိတ်ဓာတ်ကောင်းတွေ တိုးပွားစေတဲ့ ဘာဝနာအလုပ်ကိုလည်း ကြိုးစားပြီး အထုပ်ထုပ်ကြဖို့ ပြောပေးတာပါ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ကံအကျိုးပေးရာ အချိန်အခါ၊ ကံအကျိုး ဇောနှင့်မှတ်ပုံ




## ကံအကျိုးပေးရာ အချိန်အခါ

ကျွန်တော်တို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့နှင့်ပတ်သက်၍ လေ့လာနေကြရာ ယခုအခါ၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့မှာရှိသော အစွမ်းသတ္တိ၊ နောက် ထိုအစွမ်းသတ္တိရှိသည့် ကံတို့၏ အလုည့်ကျ အကျိုးပေးပုံတို့ကို အထိုက်အလျောက်သိကြပြီး ဖြစ်သည်။

ယခု၌မူ ထိုကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးပေးရာအခါကာလနှင့်စပ်ပြီး ကံလေးမျိုးကွဲပြားရပုံကို ဆက်လက်လေ့လာရဦးမည်ဖြစ်သည်။ ထိုလေးမျိုးမှာ-

၁။ ယခုဘဝမှာပင် ချက်ချင်းလက်ငင်း အကျိုးပေးမည့်ကံ၊ ထိုကံကို ပါဠိလို "ဒိဋ္ဌဓမ္မဝေဒနီယကံ" ဟုခေါ်သည်။

၂။ ဒုတိယဘဝကျမှ အကျိုးပေးမည့်ကံကို ဥပပဇ္ဇဝေဒနီယကံဟုခေါ်သည်။

၃။ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝအထိ အကျိုးပေးမည့်ကံကို "အပရာပရိယဝေဒနိယကံ" ဟု ခေါ်သည်။

၄။ အကျိုးမပေးတော့သည့်ကံ "အဟောသိကံ" တို့ဖြစ်သည်။

ထိုလေးမျိုးသောကံတို့၏ အကျိုးပေးရာအခါကို အဘိဓမ္မာသဘောအရ ဇောခုနစ်ကြိမ်နှင့် ပိုင်းခြားရလေသည်။ ဇောဟူသည် ကျွန်တော်တို့ကောင်းမှု၊ မကောင်းမှုတစ်ခုခုကို ပြုလုပ်တိုင်း ကျွန်တော်တို့သန္တာန်မှာဖြစ်သော "စိတ်ထက်သန်မှု" ကိုပင်ခေါ်ခြင်း ဖြစ်သည်။

ထိုဇောသည် ရိုးရိုးအခါမှာ ခုနစ်ကြိမ်စောလေ့ရှိပြီး သေခါနီးအခါမှာ ငါးကြိမ်သာစောသည်။ အခြား နှစ်ကြိမ်၊ သုံးကြိမ်နှင့် အကြိမ်များစွာ စောသော ဇောများလည်း ရှိသေးသည်။

ဤသို့ ဇောခုနစ်ကြိမ်စောရာ၌ ပထမအကြိမ်တွင်ပါသော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်သည်။ ယခုဘဝမှာပင် ချက်ချင်းလက်ငင်း အကျိုးခံစားစေနိုင်သည်။

ကျမ်းဂန်များတွင် ဖော်ပြထားသော ကဿပဘုရားရှင်အား ဆွမ်းလှူသော မဟာဒုက်၊ အရှင်သာရိပုတ္တရာမထေရ်မြတ်အား ဆွမ်းစသည် လှူဒါန်းသော ပုဏ္ဏားဇနီးမောင်နှံနှင့် အရှင်မဟာကဿပ ကိုယ်တော်မြတ်အား ဆွမ်းလှူဒါန်းသော ကာကဝလိယတို့ မျက်မှောက်ဘဝမှာတွင် 'သူဌေးကြီးတွေ' ဖြစ်သွားကြသည်မှာ ထိုပထမဇောစေတနာက အကျိုးပေးလို့ပင်ဖြစ်သည်။

ထို့အတူ အကုသိုလ်အကျိုးပေးဘက်၌လည်း အရှင်မ ဥပ္ပလဝဏ်ထေရီမကို ကာမကျူးလွန်သော နန္ဒလုလင် ချက်ချင်းမြေမျိုခံရခြင်းနှင့် ထမင်းပွဲမှာ အမဲသားဟင်းမပါလို့ နွားလျှာကို ချက်ချင်းလှီးမီးကင်စားသော နန္ဒနွားသတ်သမား လျှာပြတ်ကျသွားရသည်မှာလည်း အကုသိုလ် ပထမဇောစေတနာ၏ မျက်မှောက်ဘဝမှာပင် အကျိုးပေးသွားခြင်း ဖြစ်လေသည်။

အလားတူ ကျွန်တော်တို့ မျက်မှောက်ကာလ၌ အချို့ အချို့ ကောင်းမှုတွေပြုပြီး ဂုဏ်သတင်းကျော်စောခြင်း၊ စီးပွားဥစ္စာတိုးတက်ပြီး လုပ်ငန်းကိုင်ငန်းအဆင်ပြေခြင်း၊ ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးနေကြခြင်း စသည်တို့မှာ ထိုကုသိုလ်စေတနာကြောင့်ပင်ဖြစ်သလို အကုသိုလ်ကံများကို ပြုလုပ်သဖြင့် ဂုဏ်သတင်းမဲ့ခြင်း၊ စီးပွားဥစ္စာချို့တဲ့ခြင်း၊ ဘေးဥပဒ်အန္တရာယ် ကျရောက်ခံစားရခြင်း စသည်တို့မှာလည်း ထိုအကုသိုလ် ပထမဇောကြောင့်ပင် ဖြစ်ရလေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဒိဋ္ဌဓမ္မဝေဒနီယကံခေါ် ယခုဘဝမှာပင် အကျိုးပေးတတ်သော ပထမဇော စေတနာကံအကြောင်းကို သတိထားပြီး ကောင်းမှုပြုရာ၌ စိတ်ထက်သန်မှုရှိဖို့ လိုပေသည်။

## ကံအကျိုး ဇောနှင့်မှတ်ပုံ

ကျွန်တော်တို့ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ ယခုဘဝမှာပင် အကျိုးပေးပုံကို ဖော်ပြပြီးဖြစ်၏။

ယခုဆက်လက်လေ့လာရဦးမှာက ကျန်ကံသုံးပါး၏အကျိုးပေးရာ အခါကာလပင်ဖြစ်သည်။

ဇော ခုနစ်ကြိမ်အနက် ပထမဇောအခိုက်မှာပါသော စေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံဖြစ်သလို အဆုံးဇောခေါ် သတ္တမဇောအခိုက်မှာပါသော စေတနာသည် ဥပပဇ္ဇဝေဒနီယကံဖြစ်သည်။ ထိုကံသည် ယခုဘဝမှာ အကျိုးမပေး၊ ဒုတိယဘဝကျမှ အကျိုးပေးသည်။ အကျိုးပေးသည့်အခါ ပဋိသန္ဓေအကျိုးရော၊ ပဝတ္တိအကျိုးကိုပါ နှစ်မျိုးစလုံးကိုလည်းပေးသည်။ တစ်မျိုးမျိုးပေးသည်လည်းရှိသည်။

ဇောခုနစ်ကြိမ်အနက် အလယ်ဇော ငါးချက်မှာပါသော စေတနာကား အပရာပရိယဝေဒနိယကံပင် ဖြစ်သည်။ ထိုအပရာပရိယဝေဒနိယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်သည့် ဘဝအထိ အကျိုးမပေးရသေးခြင်း အကျိုးပေးဖို့ နောက်က တကောက်ကောက်လိုက်နေသောကံ ဖြစ်သည်။ ဘဝအဆက်ဆက်မှာ လိုက်၍အကျိုးပေးသည်။

အဟောသိကံကမူ အကျိုးလုံးဝမပေးတော့သော ကံဖြစ်သည်။ အဟောသိကံကိုမူ အကျိုးမပေးသဖြင့် ဇောခုနစ်ကြိမ်နှင့် ပိုင်းခြားဖို့ မလိုတော့ချေ။

ထိုအဟောသိကံက အကျိုးမပေးဟူရာ၌လည်း ဥပမာ ဒိဋ္ဌဓမ္မ ဝေဒနီယကံကို အကြိမ်ပေါင်းများစွာ ပြုလုပ်ထားရာ၌ ကံတစ်ခုခုက ဒိဋ္ဌဓမ္မအကျိုးကို ဝင်ပေးလိုက်လျှင် ကျန်သောကံများမှာ အဟောသိကံ ဖြစ်ရလေသည်။

အလားတူ ဥပဝဇ္ဇဝေဒနီယကံများကို အကြိမ်ပေါင်းများစွာ ကမ္မပထမြောက်အောင်၊ ကံမြောက်အောင်အားထုတ်ရာ၌ နောက်ဘဝတွင် ကံတစ်ခုခုက ပဋိသန္ဓေအကျိုးကို ဝင်ပေးလိုက်ပါက အခြားကြွင်းကျန်သောကံများက ပဝတ္တိအကျိုးကိုပေးဖြစ်ရင်ဖြစ်၊ မပေးဖြစ်သည့်ကံများမှာ အဟောသိကံများသာ ဖြစ်ရလေသည်။

ဥပမာ လူတစ်ယောက်တည်းအနေဖြင့် ပဉ္စာနန္တရိယ ကံကြီးငါးပါးစလုံးကို ကျူးလွန်ထားမည်ဆိုပါက ထိုငါးမျိုးအနက် အစွမ်းထက် အပြစ်အကြီးဆုံးသော 'သံဃဘေဒကကံ'က နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို ဧကန်ပေးရာ ကျန်ကံကြီးလေးမျိုးစလုံး အဟောသိကံ ဖြစ်ရလေသည်။

ထို့ပြင် ကျွန်တော်တို့နေ့စဉ်နှင့်အမျှ သွားရင်းလာရင်း၊ စားရင်းသောက်ရင်းနှင့် ကောင်းကံ၊ မကောင်းကံများကို အမှတ်မထင် ပြုကြသည်လည်း ရှိသည်။ ထိုကံများမှာ ကမ္မပထမမြောက်ဘဲ သာမန်ဇော စေတနာများသာဖြစ်ကြသဖြင့် ပဝတ္တိအကျိုးမျှကို ပေးနိုင်ရင်ပေး၍ မပေးနိုင်ပါက ထိုကံအားလုံး အဟောသိကံသာ ဖြစ်ရလေသည်။

ဤသို့ဖြင့် ကျွန်တော်တို့ နေ့စဉ်ပြုလုပ်သော ကံတို့၏ အကျိုးပေးရာ အချိန်အခါသဘောကို လေ့လာမှတ်သားပြီး ဘာကိစ္စမဆို ပြုလုပ်ရာ၌ အကျိုးဖြစ်ထွန်းအောင် ပြုလုပ်ဖို့ မမေ့သင့်ပေ။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၃၀

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဒေးဒရဲမြို့နယ်အမှတ်(၁)ရပ်ကွက် ဆုတောင်းပြည့် ရွှေဘုန်းမြင့်စေတီတော်မြို့လယ်သိမ်တန်ဆောင်းကြီးတွင် အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၆ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၄ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၃ ဦး၊ မျက်စိရောဂါ ၉၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက် လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် မြို့နယ် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ် -










ကျွန်တော်က ဒူးနာတယ်၊ ခါးနာတယ်။ ဆီးချိုသွေးချိုလည်းရှိလို့ အားကိုးလို့လာပြတာပါ။ အားရဝမ်းသာရှိပါတယ်။ မကုနိုင်သေးတဲ့သူတွေလည်းကုနိုင်မယ်။ ကုနိုင်တဲ့သူလည်းကုလို့ရမယ်။ အယုတ်အလတ်အမြတ်မရွေး ကုနိုင်တဲ့အတွက် အားကိုးပါတယ်။ အခုလိုနယ်လှည့်ပြီးကုတဲ့ ဆရာဝန်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ နောင်လည်းလာခဲ့ပါဦးလို့ဖိတ်ခေါ်ပါတယ်။ **စာမျက်နှာ ၂၁ သို့** ☆

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၆၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၅ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၁၂၂ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၈ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ် -






အမှတ်(၁) ရပ်ကွက်ကပါ။ ဆေးကုသမှုခံယူရတာက အခုလိုလာပြီး ကုသပေးတဲ့အတွက်ကြောင့်မို့လို့ ဒီမှာက လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတဲ့အတွက်ကြောင့် လာပြတာပါ။ အားလုံးအတွက် အဆင်ပြေကြပါတယ်။ သွားရလာရတာလည်း မရှိဘူးဆိုတော့ အကုန်အကျလည်း သက်သာသွားပါတယ်။ ကျွန်မက အမျိုးသမီးရောဂါနဲ့ လာပြတာပါ။ ဒေသခံတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် အခုလို လာကုသပေးတာဆိုရင် ကျွန်မတို့အနေနဲ့ ရန်ကုန်ကိုလည်း သွားစရာမလိုတော့ပါဘူး။ အဲဒီအတွက် ကုန်ကျစရိတ်တွေလည်း အများကြီးသက်သာသွားတယ်။ ဒီမှာလည်းအကုန်လုံးကို စမ်းသပ်ကုသပေးတဲ့အတွက် အားလုံး အဆင်ပြေကြပါတယ်။ အခမဲ့လာကုသပေးတဲ့ အတွက်လည်း ဒီကျွန်းသားတွေ ငွေကုန်ကြေးကျ သက်သာတဲ့အတွက် အားလုံး အဆင်ပြေကြပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း လာရောက်ကုသပေးဖို့ တောင်းဆိုပါတယ်။

ကျွန်မက ရပ်ကွက်(၂)က လာပြတာပါ။ အမေ့ကိုအမျိုးသမီးရောဂါလာပြပေးတာ။ အဖေ့ကို မျက်စိလာပြပေးတာပါ။ အဖေဆိုလို့ရှိရင် မျက်စိကတိမ်ဖြစ်နေလား ဘာဖြစ်နေလဲ စမ်းသပ်ဖို့က ခေတ်မီစက်ကိရိယာတွေလည်း မရှိဘူး။ ကျွန်းမှာဒီလို လွယ်လွယ်ကူကူနဲ့ စမ်းသပ်လို့မရတဲ့အတွက် အခုလိုသင်္ဘောကြီးလာတဲ့အခါမှာ အလွယ်တကူနဲ့ ဘာရောဂါရှိတယ်ဆိုတာ သိသွားတယ်။ ကိုယ်လည်းကုသလို့ အဆင်ပြေသွားတယ်ဆိုတော့ တစ်ချက်ခုတ်ပြီး ဘယ်နှစ်ချက်လောက်ပြတ်သွားမှန်းမသိဘူး။ တော်တော်လေး အဆင်ပြေသွားတယ်။ ကျွန်မတို့အနေနဲ့ ရန်ကုန်တစ်ခေါက်သွားဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးလည်း အခက်အခဲဖြစ်တယ်။ နောက်ပြီးငွေရေးကြေးရေးလည်းရှိတယ်။ ငွေကြေးအနေနဲ့ဆိုရင်အခုခေတ်ကာလနဲ့ဆိုရင် အများကြီးကုန်ကျမှာ။ အဲဒီအတွက်ကို အစစအရာရာ အဆင်ပြေသွားတယ်။ ရန်ကုန်သွားမယ်ဆို နေစရာလည်း ပူရမယ်။ စားစရာလည်းပူရမယ်။ ဆေးရုံစရိတ်လည်းပူရမယ်။ အခုလိုလာကုပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အားလုံးကိုကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ကျွန်မတို့ ကိုကိုးကျွန်းကို သတိတရနဲ့ အခုလိုလွှတ်ပေးပြီး စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ဆီကို တကူးတကနဲ့ လာကုသပေးတယ်၊ နွေးနွေးထွေးထွေးနဲ့ လာပြီး စမ်းသပ် ကုသပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်။ တစ်နှစ်ကို တစ်ကြိမ်၊ နှစ်ကြိမ် လာစေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဆောင်းခိုရေပျော်ငှက်ကောင်ရေ ၂၀၀၀၀ ကျော် လာရောက်ဆောင်းခို

မိုးညှင်း ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံးကုန်းတွင်းရေချိုအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဇန်နဝါရီလအတွင်း ငှက်မျိုးစိတ် စုစုပေါင်း ၄၆မျိုး၊ကောင်ရေ၂၀၂၀၇ကောင်လာရောက်ဆောင်းခိုခဲ့သည်ဟု စာရင်းကောက်ယူနိုင်ခဲ့ကြောင်း အင်းတော်ကြီး ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



အင်းတော်ကြီးအိုင်သည် နှစ်စဉ်ဆောင်းရာသီ ပွင့်လင်းရာသီသို့ ရောက်ရှိလာတိုင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော်ငှက်မျိုးစိတ်များသည် ကျင်လည်ကျက်စားလျက်ရှိကြသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း အာရှရေပျော်ငှက် စာရင်းကောက်ယူချက်များအရ ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၂၈ မျိုး၊ ကောင် ရေ ၁၆၂၁၅ ကောင်နှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ် ၁၈ မျိုး၊ ကောင်ရေ ၃၉၉၂ ကောင် စုစုပေါင်းကောင်ရေ၂၀၂၀၇ ကောင်ကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေးဝဲ/ယာနှင့် ဆက်စပ်ရေဝပ်ဒေသများရှိ ကိုင်းတောများ အတွင်းသို့ တာဝန်ရှိသူများက အဖွဲ့များခွဲ၍ စာရင်းကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငှက်မျိုးစိတ်များသည် ဇန်နဝါရီလအတွင်း တွေ့ရှိရသည့် ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များနှင့် ဒေသရင်းရေပျော်ငှက်မျိုးစိတ်များသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ငှက်မျိုးစိတ်တစ်မျိုးနှင့် ကောင်ရေ ၁၂၀၀ ကျော် လျော့နည်းကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။



ယင်းငှက်မျိုးစိတ်များ အများဆုံးကျက်စားလေ့ရှိသည့် ငှက်စာရင်းကောက်လမ်းကြောင်းတစ်ခုဖြစ်သော အင်းတော်ချောင်းအတွင်း စက်လှေဖြင့် ငှက်စာရင်းများ ကောက်ယူရာ၌ ရေမှော်နှင့် ဒိုက်များ ပိတ်မိနေခြင်းကြောင့် သွားလာရာတွင် အခက်အခဲများရှိနေခြင်း၊ ရာသီဥတုအခြေအနေနှင့် အချို့နေရာများတွင် ကိုင်းတောများ ထူထပ်နေခြင်းတို့ကြောင့် ငှက်မျိုးစိတ်များကို မြင်တွေ့နိုင်ရန်နှင့် အကောင်ရေများ ရေတွက်ရာတွင် ခက်ခဲလှသဖြင့် ငှက်မျိုးစိတ်နှင့် အကောင်ရေများ မှတ်တမ်းတင်ရာတွင် အနည်းငယ်တိမ်းစောင်းမှုများလည်းရှိကြောင်း သိရသည်။

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ အများဆုံးတွေ့ရှိရသည့် ရှားပါးဆောင်းခိုရေပျော်ငှက်မျိုးစိတ်များမှာ ကြိုးကြာခေါင်းမဲ ၄၂၉၄ ကောင်၊ ဘဲဖြူနက်အကောင် ၃၅၄၀၊ ရေကြက်ဒုံ အကောင် ၂၈၄၀၊ စင်ရော်ခေါင်းညို ၉၃၅ ကောင်၊ ခရုစုပ်အနက် ၉၂၄ ကောင်၊ ပို့ချဘဲ အကောင် ၆၅၀၊ တောငန်း အကောင် ၆၅၀၊ အော်ရော အကောင် ၆၅၀၊ ဘဲနီစပ်အကောင် ၅၂၀၊ စင်ရော်ခေါင်းမဲ ၃၂၅ ကောင်နှင့် ဘဲမဲ ၂၁၄ ကောင် စသည်တို့ ပေါများစွာတွေ့ရှိရသည်။ အဆိုပါ ရေပျော်ငှက်မျိုးစိတ်များ စာရင်းကောက်ယူခြင်းကို အင်းတော်ကြီးအိုင်၏ အရှေ့ဘက်လမ်းကြောင်းတွင်လည်းကောင်း၊ အနောက်ဘက်လမ်းကြောင်းတွင်လည်းကောင်း၊ အင်းတော်ချောင်းတစ်လျှောက် ချောင်းဘေး ဝဲ/ယာနှင့် ဆက်စပ်ရေဝပ်ဒေသများရှိ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် ယခင်နှစ်ကမတွေ့ရှိခဲ့သည့် ဒုံးမြီးကွက်ငှက်သုံးကောင်၊ ဘဲကျားလေး အကောင် ၁၃၀၊ အမောက်ပါတစ်တီတူး ၁၀ ကောင်နှင့် ဂေါ်ပြားနှုတ်သီးပုံဘဲ အကောင် ၃၀ စသည့် ရေပျော်မျိုးစိတ်လေးမျိုးကိုပါ ပြန်လည်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး အနေဖြင့် ဆောင်းခိုငှက်မျိုးစိတ်များသည် နှစ်စဉ်နှစ်တိုင်းအောက်တိုဘာလမှစတင်၍ လာရောက်ဆောင်းခိုလေ့ရှိကြောင်း မှတ်တမ်းတင်ထားသဖြင့် နှစ်စဉ်အောက်တိုဘာလ ဒုတိယအပတ်တွင် ဆောင်းခိုငှက်များ ကြိုဆိုပွဲအဖြစ် အသိပညာပေး ဟောပြောပွဲများကျင်းပခြင်းနှင့် ဆိုင်းဘုတ်စိုက်ထူခြင်းစသည့် လှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအိုင်သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် အရှေ့အာရှ-ဩစတြေးလျငှက် ပျံသန်းရာလမ်းကြောင်းရှိ အရေးကြီးရေဝပ်ဒေသများ ကွန်ရက်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာရေဝပ်ဒေသအဖြစ်လည်းကောင်း သတ်မှတ်ခြင်းခံထားရသော အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖြစ်ကြောင်းနှင့် နို့တိုက်သတ္တဝါမျိုးစိတ် ၄၇ မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၉၇ မျိုး၊ ဒေသရင်းငါးမျိုးစိတ်အပါအဝင် ၁၀၀၊ ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက်မျိုးစိတ် ၄၀၀ တို့ နေထိုင်ကျက်စားကြလျက်ရှိကြောင်း အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

သတင်း-ရွှေမိုးညှင်း၊ ဓာတ်ပုံ-အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး

☆ စာမျက်နှာ ၂၀ မှ

ကျွန်မ အရိုးအကြောပြချင်လို့၊ လက်ကကိုက်ကိုက်နေလို့ ဘောပင်တောင်မကိုင်နိုင်ဘူး။ အခါအခွင့်ကြုံကြိုက်တုန်းလေးကို ကျွန်မလာပြလိုက်တာပါ။ တော်ရုံတန်ရုံဆေးခန်းကို သီးသန့်ကြီး သွားပြီးတော့ မပြဖြစ်တဲ့ အခြေအနေမျိုးဆိုရင်တောင်မှပဲ အခုလို နယ်လှည့်ဆေးကုသရေး အဖွဲ့လာတဲ့အတွက်ကြောင့် ရောဂါဝေဒနာတွေ သက်သာပျောက်ကင်းသွားတဲ့အတွက် မိသားစုလည်း စိတ်ချမ်းသာမှုတွေရမယ်လို့ မျှော်လင့်ပါတယ်။ အခုလို နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျွန်မတို့ဒေးဒရဲမြို့နယ် အပြင် နယ်တကာကိုလာရောက် ဆေးကုသပေးတဲ့အတွက်ကြောင့် ကျွန်မကနေစပြီး လာရောက်ဆေးကုသကြတဲ့ ပြည်သူ ပြည်သားတွေ အားလုံးရဲ့ ကိုယ်စားအထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးကောင်းမှ မိသားစုစိတ်ချမ်းသာမယ်၊ အဆင်ပြေမယ် အဲတာကြောင့် အထူးကျေးဇူးတင်ရှိပါတယ်လို့ပြောချင်ပါတယ်။

ကျွန်တော့်လက်အကြောတင်လို့လာခဲ့တာပါ။ အကြောတင်တာ နှစ်လကျော်လောက်ရှိသွားပါပြီ။ ဒါပေမဲ့လက်က ကိုင်လို့ပြလို့မရဘူး။ အလေးအပင်လည်းမလို့မရဘူး။ ကိုက်ခဲနေလို့လာခဲ့ရတာပါ။ ဒီရောက်တော့ ဆရာဝန်တွေက တစ်နေရာနဲ့တစ်နေရာ အဆင်ပြေအောင် လိုက်လုပ်ပေးတယ်။ အကုန်လုံးကို ခွဲစိတ်တဲ့ နေရာကအစ အဆင်ပြေအောင်လုပ်ပေးတယ်။ ဒေသခံ လူတွေ အတွက်ပါ။ အားလုံးအတွက်အဆင်ပြေအောင် လုပ်ပေးပါတယ်။ လူတွေက အကုန်လုံးဟိုနားဒီနားကလည်းလာကြတယ်။ ဒီမှာကကုတာတော့ ပိုက်ဆံလည်းမကုန်ဘူး။ ဆက်ဆံတာလည်း ကောင်းတယ်။ လုပ်ပေးတာလည်းကောင်းတယ်။ ဆီးချိုမစစ်ချင်ဘူး ဆိုလည်းသူတို့ကစစ်ပေးတယ်။ အကုန်လုံးပိုသိရအောင် စစ်ပေးတယ်။ အဲတာကြောင့် ပိုကောင်းသွားတာပါ။ နောက်နောင်အချိန်ကျလို့ ရှိရင် ဆက်ပြီးတော့ပြခွင့်ရရင်လည်း ပိုတော့အဆင်ပြေပါတယ်။ လာလည်စေချင်ပါတယ်ခင်ဗျာ။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံ ၃၃၁၂ ကေထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံ ၃၃၁၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၁၈၅ ကေ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားစိုက်ကေ ပြည့်မီစေရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၁၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားစိုက်ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက စားတော်ပဲသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံစိုက်ပျိုး တောင်သူများကို အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စပ်ဆက်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စားတော်ပဲသီးနှံအား အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ ဒေသမရွေး စားတော်ပဲသီးနှံအား ယခုထက်ပိုမို ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာ၊ ရန်ကုန်–ပဲခူးလမ်းမ၊ အကျယ်(၁၈/၂၁'x၁၀၈') မြေနှင့် မြေပေါ်ရှိ အကျိုးခံစားအရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသော–**(၁) ဒေါ်တင်သန်း (ဘ) ဦးတင်ငွေ၊ (၂)ဒေါ်အေးသန်း (ဘ)ဦးတင်ငွေ၊ (၃) ဒေါ်အေးနု (ဘ)ဦးတင်ငွေ၊ (၄) ဦးကျော်ငွေ (ဘ) ဦးတင်ငွေ၊ (၅) ဦးမြင့်ငွေ (ဘ)ဦးတင်ငွေ၊ (၆) ဒေါ်ကျင်သန်း (ဘ) ဦးတင်ငွေ၊ (၇) ဒေါ်ရီရီချို (ဘ)ဦးတင်ငွေ၊ (၈)ဒေါ်ကျင်ထွေး (ဘ) ဦးတင်ငွေ၊ (၉) ဦးသက်ပိုင်ထွေး (ဘ)ဦးတင်ငွေ**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဉ္ဇူအေးသိန်း(LL.B) (စဉ်–၁၂၂၅၇) (တရားလွှတ်တော်ရှေ့နေ)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း–၀၉–၅၀၄၁၄၈၃**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က(၁၀) Grade–11 မှ မဝေရွှေဦးနှင့် Grade – 7 မှ မောင်ဘုန်းခန့်ထွေး တို့၏ ဖခင်အမည်မှန်မှာ ဦးစောဖိုးခွားဆို [၁၄/ပသန(နိုင်)၃၃၀၁၃၃]ဖြစ်ပါကြောင်း။

**ဦးစောဖိုးခွားဆို**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးလှရင်၏ သား မောင်ရဲနိုင်ထွေး [၁၂/မရက(နိုင်) ၁၆၀၅၉၉] နိုင်ငံကူးလက်မှတ် (MG–914046) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–986164724**

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ မြေစည်ပင်ခလက်ခံပြေစာဖြင့် ဒေါ်ခင်အုန်း (HGU–၀၀၂၄၆၁)အမည်ဖြင့် နေရာချထားပေးသော ပြည်တော်သာရပ်ကွက်၊ ပြည်တော်သာ(၅)လမ်း၊ မြေကွက်ကြီးအမှတ်–(၆/၂)၊ အိမ်ရာကွက်ငယ်အမှတ်–(၃၂၇)၊ ဧရိယာ(၄၀x၆၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောင်(၄)ခန်းပါ တစ်ထပ်ခွဲနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်စိုးသီတာ (ဘ)ဦးစိုးသိန်း [၁၂/ကမရ(နိုင်) ၀၅၃၃၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်ထိုက် [၉/သစန(နိုင်)၁၄၅၄၈၆]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆွေဇင်ဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၀၂၄)**
**(၁/ရ–၁၂၃)၊ ၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉–၄၂၁၀၃၀၆၈၇၊ ၀၉–၇၉၅၄၈၅၄၃၈**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ အမှတ်(၁၇)၊ မြေအကျယ်အဝန်း(အလျား၂၆xအနံ၆၀)ပေရှိ (ဂရန်မူရင်း) မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကွန်ဖြူ(ခ)ဦးစိုးသိန်း (NPW–၀၄၈၁၀၄)**အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်နီနီ [၁/မညန(နိုင်)၀၀၁၁၃၄]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း ၀၉–၂၅၃၄၂၃၂၅၅၊ ၀၉–၇၇၀၀၈၈၃၁၀**

### "ကိုဇော်ဇော်အောင် (ခ) အဗ္ဗဒူရာမာန် [၁၂/ပဘတ(နိုင်)၀၃၄၃၈၃]နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၆)လမ်း၊ ပထမထပ်၊ အမှတ်(၁၁)နေ **မအေးမြတ်စန္ဒီနိုင် (ခ) ဖရ်ဟာနာဘီ** [၁၂/မဂတ(နိုင်)၀၉၈၆၀၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေ နှင့် လူကြီးမင်းတို့သည် (၂၃–၁–၂၀၂၅) ရက်စွဲပါ စာအမှတ်(၀၁၀/၂၅/ ခမ္မ/မလဝ–ဗဟ) အစ္စလာမ့်တရားဥပဒေ ဖသ်ဝါမွေသတ်ဆုံးဖြတ်ချက်အရ လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်းလိုက်ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၇–၁–၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ **မအေးမြတ်စန္ဒီနိုင် (ခ) ဖရ်ဟာနာဘီ** မှ မဟာရ်ရွှေ ၁ိ/–ကျပ်သား နှင့် ငွေကျပ်–၁,၀၀၀,၀၀၀/–တိတိတို့ကို လူကြီးမင်းအား လွှဲအပ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်– ၁၁၅၊ ပထမထပ်၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

### ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ တိုက်အမှတ်–၇၃၊ ၆–လွှာ/အေ၊ (ခေါင်းရင်းဘက်ခြမ်း)၊ ( ၁၂ပေခွဲ x ၅၀ ပေ )ရှိ ဒေါ်မာမာဦး ပိုင်ဆိုင်သည့် တိုက်ခန်း အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်မာမာဦး [၁၂/ကမတ(နိုင်)၀၃၅၀၈၂] ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များ နှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ တိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခိုင်ဌေး( LL.B,D.B.L,D.I.L )** | **ဒေါ်ခိုင်ဦးသူ ( LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်–၃၇၉၅၄)** |

**အမှတ်–၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၂၅၈၈၁**

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**မရမ်းကုန်းခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃၀ နှင့် ဆက်နွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၂၂၀**

| | | |
|---|---|---|
| ဒေါ်ခိုင်နွယ်ထွန်း | နှင့် | ၁။ ဦးပွ<br>၂။ ဒေါ်တိုးကြည် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၃)လမ်း၊ အမှတ်–၄၇၃ နေ (၁)ဦးပွ၊ (၂) ဒေါ်တိုးကြည် (ယခုနေရပ်လိပ်စာမသိသူများ)** တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃၀ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် **တရားနိုင်**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့၊ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ တိုက်(၁၀၂)၊ B–1 နေ ဦးမင်းမင်းကို+ဒေါ်တင်နီလာဝင်း တို့၏သားဖြစ်သူမောင်သုတကိုကိုအား မောင်ဟိန်းမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### အမည်မှန်

(ဘ) ဦးညီညီ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၁/မပန(နိုင်)၀၄၂၂၉၆]၏ သား ညောင်တုန်းမြို့၊ အထက(၂) Grade–9 တွင် ပညာသင်ကြားနေသော မောင်စိုးသူရိန်အောင်၏ အမည်မှန်မှာ မောင်စိုးသူအောင် ဖြစ်ပါကြောင်း။

**မောင်စိုးသူအောင်**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းဌေး၏ သားကျွန်တော် ဦးမိုးထက် [၁၂/မရက(နိုင်)၁၈၀၂၄၄]၏ ပတ်စ်ပို့နံပါတ်(MH–756963) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–752777701**

### "သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း"

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သာယာကုန်း၊ ရွှေကြာပင်ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်–(၁၆၂)နေ ဒေါ်အိအိထွန်း [၁၁/ကဖန(နိုင်)၀၁၆၄၅၈]၏ သား မောင်ဇေယျာသန့်[၁၁/ကဖန(နိုင်)၁၂၅၅၅၂]သည် မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ လုပ်ဆောင်ကာ မိခင်အား အမြဲစိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမူဆောင်ရွက်နေသဖြင့် ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မောင်ဇေယျာသန့်နှင့်ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး၊ လူမှုရေး အရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်ဇေယျာသန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်

**ဒေါ်အိအိထွန်း၏ လွှဲအပ်ချက်အရ**
**ဒေါ်ရည်လွင်ကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၂၀၄၃)**
**အမှတ်(၁၇၄)၊ ပညာတန်ဆောင်(၁)လမ်း၊ (၄၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉– ၂၅၂၉၈၉၄၅၅**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်းနှင့် သမာဓိလမ်းထောင့်၊ အမှတ် (၅၄) ၉–လွှာ (ဝဲ) အလယ်ခန်း၊ Penthouse၊ ဧရိယာ (၁၀၅၀) စတုရန်းပေရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁)ဦးသော်ဇင်မောင်မောင် [၁၂/ဥကတ (နိုင်)၁၃၈၀၇၇] နှင့် (၂) ဒေါ်ချစ်ရာနုထွေး [၁၂/တမန(နိုင်)၁၀၅၇၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်မော်အေး [၁၂/မဂဒ (နိုင်)၀၁၇၆၂၆]သည် တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မော်အေး [၁၂/မဂဒ (နိုင်)၀၁၇၆၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်ကိုကို (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၉၁၉၁)**
**ဖုန်း–၀၉–၆၅၂၆၂၉၆၀၁**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ (၃၅)လမ်း(အထက်)၊ အမှတ်(၂၅၅)၊ အခန်းအမှတ်(၄)နေ ဦးဇော်မြင့်အောင် [၁၂/ကတတ(နိုင်)၀၁၅၁၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

